ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (6-2-2016) (၈၄၆၈)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိ။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်နှင့်အတူ လားရှိုးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သို့ ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက်မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မဂ်လာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြို့မဂိုဏ်းချုပ်ကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံယနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုမာရ အမှုဧပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ အဆိုပါကျောင်းတိုက်ရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မဂ်လာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ရှိအခြေအနေနဲ့ ဥပဒေတစ်ထပ်တည်းကျမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်

စာမျက်နှာ - ၆

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

စာမျက်နှာ - ၇

ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာ

စာမျက်နှာ - ၇

ကြေးမုံ စာတည်းရုံးထောင့် ၆-၂-၂၀၁۶၊ စနေနေ့

စာဖတ်ခြင်းအလေ့အထပျိုးထောင်

မကြာသေးမီကာလများက နိုင်ငံတွင်း အဓိကလစ်ဟာမှုဖြစ်သည့် လူငယ်များအတွက် လိုအပ်နေသော စာပေစွမ်းအားမြင့်မားရေးလှုပ်ရှားမှုများကို ပြုလုပ်လာကြသည်ကို မြင်တွေ့ရ၍ ဝမ်းမြောက်မိပါသည်။ အမှန်တွင် ယနေ့လူငယ်များအား စာဖတ်ကြပါဟု တိုက်တွန်းနှိုးဆော်ခြင်းဖြင့် အလုပ်မဖြစ်လောက်ချေ။ လူငယ်များအား စာဖတ်သည့်အလေ့အထ ကောင်းဖြစ်မြောက်လာအောင် အစမှတင်ကြို၍ ရည်မှန်းချက်ထားလုပ်ဆောင်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

လောကတွင် ဆရာမကောင်းတပည့်၊ မိဘမကောင်း သားသမီးဟု ဆိုရိုးရှိပါသည်။ သားသမီးများ၊ ကလေးငယ်များအား လမ်းမှန်သို့ရောက်အောင် ထိန်းကျောင်းပဲ့ပြင်ရန်မှာ မိဘဆရာသမားများတွင် တာဝန်ရှိပါသည်။ သို့ရာတွင် ခေတ်ကာလအခြေအနေအရပ်ရပ်ကြောင့် မိဘဆရာများတွင် ထိုအခြေအနေကောင်းများ လျော့ပါးသွားသည်တို့ကို အပြစ်ဆိုဖွယ်မရှိပါ။ အိမ်ထောင်ဦးစီးတစ်ယောက် တစ်မိသားစုလုံးအား ကျွေးမွေးစောင့်ရှောက်နိုင်သည့်အနေအထားများ၊ နာသုံးနာနှင့် ပြုစုပျိုးထောင်လေ့ရှိသည့် အခြေအနေများ၊ ခေတ်ကာလတိုးတက်လာခြင်း၏ အကျိုးရလဒ်များက ထိုအခြေအနေသို့ ပြောင်းလဲသွားခြင်း၏ လက်သည်များဖြစ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ လူဘောင်လောကအတွက် အကျိုးဖြစ်ထွန်းစေမည့် ထိုစာဖတ်ခြင်းအပြုအမူများကို ပြန်လည်ရှင်သန်ဖြစ်ထွန်းအောင် ကြိုးစားအားထုတ်ကြရမည်မှာ မိဘဆရာသမားများတွင်သာမက စာပေကိုချစ်မြတ်နိုးသော စာပေလောကသားအားလုံးတွင်ပါ တာဝန်ရှိလာပါသည်။ မိမိတို့သားသမီးများနှင့် အနာဂတ်နိုင်ငံတော် အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းများကိုရှာဖွေကာ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဘာသာတရား၏အဆုံးအမနှင့် အလေ့အထကောင်းများသည် ငယ်ရွယ်သူ ကလေးသူငယ်များအား စွဲမြဲသည့်သန္ဓေကိုဖြစ်စေနိုင်သည်ကို သတိပြုသင့်သည်။ ရှေးကာလက မိမိတို့၏သားသမီးများ ငယ်ရွယ်စဉ်ကလေးဘဝတွင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်နာယူသည့်အလေ့အထကောင်းများ ရှိခဲ့ဖူးသည်။ အခြားဘာသာတစ်ခုတွင်လည်း ကလေးငယ်များအား ငယ်စဉ်ကတည်းက အဆုံးအမခံယူသည့်အလေ့အထ ယနေ့ထက်တိုင်ရှိနေသည်ကို တွေ့ရသည်။

ထိုအလေ့အထသည် စွဲမြဲစေသောအကျင့်ကောင်းဖြစ်သည်။ ယခုအချိန်အထိ အရပ်ဒေသများတွင် ကလေးထိန်းဌာနဟုခေါ်သည့် မူကြိုကျောင်းများ လည်းရှိသည်။ ထို့နောက် မူလတန်းသင်ပညာရေးကျောင်းများလည်းရှိသည်။ ဘုန်းတော်ကြီးသင်ကျောင်းများသို့မပို့နိုင်လျှင်ပင် ထိုကျောင်းများတွင် စာဖတ်ခြင်းကိုဖြစ်စေသည့် အပြုအမူကောင်းများကို ပျိုးထောင်ပေးကြသလို လေ့ကျင့်ပေးသင့်သည်။ စာပေ၊ ဂီတ၊ အနုပညာတို့အပေါ်တွင် စွဲလမ်းနှစ်သက်အားထုတ်သည့်သန္ဓေများ စွဲမြဲအောင်လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်သည်။

ကလေးများ၏သဘာဝမှာ ငယ်ရွယ်စဉ်ကာလ၌ ခန္ဓာကိုယ်ဖွံ့ဖြိုးလာသည်နှင့်အမျှ အသိဉာဏ်လည်း တစ်စတစ်စ ပိုမိုရင့်ကျက်လာတတ်သည်။ အစုအဝေးနှင့်နေထိုင်တတ်ပြီး အဆော့ကစားများကိုလည်း ခုံမင်နှစ်သက်တတ်သည်။ မိခင်အနီးတွင် တရစ်ဝဲဝဲမနေတတ်တော့ဘဲ မိခင်အပါးမှခွာစပြုလာကြသည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံမှုနယ်ပယ် ကျယ်ပြန့်လာသည်။ ငယ်စဉ်က တစ်ကိုယ်ကောင်းဆန်သောစိတ်များ၊ အမှုအကျင့်များကို စွန့်ပယ်လာကြသည်။ အပေးအယူသဘောကိုလည်း နားလည်လာကြသည်။ စွန့်စားလိုစိတ်၊ သိလိုစိတ်လည်း ပြင်းပြလာကြသည်။

ဤသည်မှာ ကလေးငယ်များ၏ ပင်ကိုစိတ်သဘောထားများဖြစ်သည်။ သို့သော် မျက်မှောက်ကာလတွင် မိဘဆရာသမားများကပင် ထိုအလေ့အထများကို ပယ်ဖျက်ပေးလိုက်သည်ဟုဆိုရမည်။ မိဘနှင့် အရွယ်ရောက်သည့်တိုင် အတူနေကြပြီး မိဘဆရာသမားတို့ဖြစ်လိုသည်များကိုသာ ဦးစားပေးရှေ့တန်းတင်ကြသည်။ နည်းပညာခေတ်ကြီးထဲတွင် နည်းပညာပိုင်းသို့ ကလေးများ စိတ်ဝင်စားလာသည်ကို အလိုလိုက်ကြသည်။ ထိုအချက်များသည်ပင် ကလေးငယ်များ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် စိတ်လွတ်လပ်မှုတို့ဘက်တွင် အားနည်းလာသည်ဟုဆိုရမည်။

ထို့ကြောင့် ကလေးငယ်များအား ကလေးငယ်များသဘာဝအတိုင်းထားစေလိုပြီး အသိဉာဏ်မြင့်မားစေမည့် အလေ့အထကောင်းများကို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြမည်ဆိုလျှင် စာဖတ်ခြင်းစွဲမက်ရည်အစပျိုးလာနိုင်မည်ဟု ဆိုရမည်။ ထိုမှ ကလေးငယ်များနှစ်သက်သော စာအုပ်စာပေ၊ အနုပညာရပ်များကို အခမဲ့နီးပါးလွတ်လပ်စွာ ဖွင့်ပေးခြင်းဖြင့် စာပေ၊ အနုပညာမြတ်နိုးသော ကလေးငယ်များ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။

ရွှေဘိုဒေသ၌ မိုးစပါးစျေးကောင်းနေ၍ နွေစပါးစိုက်ပျိုးရန် လယ်သမားများ စိတ်ထက်သန်

ရွှေဘို ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ လက်ရှိ မိုးစပါးများ စျေးကောင်းနေ၍ လာမည့်နွေကာလတွင် နွေ(မိုးကြို)စပါးစိုက်ပျိုးရန် လယ်သမားများ စိတ်အားထက်သန်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါဒေသတွင် မိုးစပါးရိတ်သိမ်းခြွေလှေ့မှုများ ပြီးစီးသွားပြီး ယခုအချိန်သည် မည်သည့် စပါးအမျိုးအစားမဆို ယခင်နှစ်ကာလတူ၊ အချိန်တူထက် ငွေကျပ်နှစ်သိန်းကျော် ပိုမိုမြင့်မားနေချိန်လည်းဖြစ်သည်။

ဆန်အနုဖြစ်သည့် ရွှေဘိုပေါ်ဆန်းစပါးသည် အရည်အသွေးနှင့် အရေအတွက်အလိုက် စပါးတင်း(၄၆ပေါင်) တစ်ရာလျှင် ကျပ်ကိုးသိန်းခွဲကျော် ဆယ်သိန်းစျေးဖြင့် လည်းကောင်း၊ ဆန်ကြမ်းဖြစ်သည့် အသွယ်ဝ (သက်လျင်၊ သက်ငယ်) စပါးများသည်လည်း ကျပ်ငါးသိန်းခွဲကျော် ခြောက်သိန်းစျေးဖြင့်လည်းကောင်း မကြုံစဖူး အမြင့်စျေးဖြင့် အရောင်းအဝယ် ဖြစ်နေကြသည့်အတွက် လာမည့်နွေ(မိုးကြို)စပါးစိုက်ပျိုးပါက စျေးကောင်းရမည်ဟု ယုံကြည်နေကြကာ နွေ(မိုးကြို)စပါးစိုက်ပျိုးရန် လယ်သမားများ စိတ်အားထက်သန် နေကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့လယ်တွေ နွေစပါးစိုက်ပျိုးဖို့ စီမံကိန်းမပါလို့ မြို့နယ်တာဝန်ရှိတဲ့သူတွေကို အကြောင်းကြားထားပါတယ်။ ကိုယ့်ပတ်ဝန်းကျင်လယ်တွေ နွေစပါးစိုက်ပျိုးဖို့ စီမံကိန်းပါတယ်ဆိုတော့ ကိုယ်လည်း စိုက်ချင်တယ်။ အခုအချိန်တောင် စပါးစျေးကောင်းနေရင် နွေစပါးပေါ်တဲ့အခါ လက်ရှိစျေးထက် စျေးမတက်တောင် စျေးကျမှာမဟုတ်ဘူး။ ကိုယ်ကလည်း လယ်တစ်မျိုးပဲ လုပ်တတ်ပြီး နွေကာလမှာ ဝင်ငွေမရှိ၊ အလုပ်မရှိတဲ့အတွက် နွေစပါးကို စိတ်အားထက်သန်စွာနဲ့ပဲ စိုက်ချင်နေတာပါ"ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားဦးတင်ကိုက ပြောသည်။

ထိုသို့ နွေစပါးစိုက်ပျိုးရန် စီမံကိန်းမပါရှိမှုနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ မေးမြန်းကြည့်ရာ "ဟုတ်ပါတယ်။ နွေစပါးစီမံကိန်းမှာ မပါရတဲ့အကြောင်းကတော့ မိုးလေဝသပညာရှင်တွေက ကျွန်တော်တို့ဒေသကို ပူပြင်းခြောက်သွေ့တဲ့ အယ်လ်နီညိုလှိုင်း သက်ရောက်မှုရှိနိုင်တယ်လို့ သတိပေးထားတဲ့အတွက် စိုက်ပျိုးရေ အခက်အခဲဖြစ်မှာ စိုးရိမ်မိပြီး စိုက်ကေလျှော့ချထားခြင်းဖြစ်ပါတယ်" ဟု တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ယင်းရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါး လယ်မြေကေပေါင်း သုံးသိန်းကျော်နှင့် အခြားသီးနှံ(ပဲတီစိမ်း၊ နှမ်း)များ လယ်မြေကေပေါင်း ခုနစ်သောင်းကျော် စိုက်ပျိုးရန် လျာထားပြီး ၎င်းဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ စိုက်ပျိုးရန် ရေပေးဝေမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

(ရောင်နီတင်ဝင်း)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်(ရွှေဈေး)	၇၆၉၀၀၀	-	၇၆၉၀၀၀
မန္တလေး(ရွှေဈေး)	၇၆၈၅၀၀	-	၇၆၈၅၀၀

စက်သုံးဆီဈေးနှုန်း	**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ် တစ်လီတာ	၄၇၀/၄၈၀ ကျပ်၊	၅၄၀/၅၆၀ ကျပ်
(ခ) အောက်တိန်း 95တစ်လီတာ	၆၃၀/၆၆၀ ကျပ်၊	၇၁၀/၇၅၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ	၅၂၀/၅၅၀ ကျပ်၊	၆၀၀/၆၂၀ ကျပ်
(ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ	၅၁၀/၅၂၀ ကျပ်၊	၅၉၀/၆၂၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၃၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၃ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၂၇၀.၀
(ခ) ဥရောပ	တစ်ယူရို	-	၁၄၂၂.၆
(ဂ) တရုတ်	တစ်ယွမ်	-	၁၉၃.၄၆
(ဃ) ထိုင်း	တစ်ဘတ်	-	၃၅.၆၃၄
(င) မလေးရှား	တစ်ရင်းဂစ်	-	၃၀၇.၆၂
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၈.၇၇၆
(ဆ) ဂျပန်	တစ်ရာယန်း	-	၁၀၈၆.၃
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	-	၁၀၆.၅၆
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	-	၉၁၃.၅၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၉၀၇.၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကျိုက်ထိုမြို့နယ်တွင် နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ပြင်ဆင်

ကျိုက်ထို ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်ကွင်းကျေးရွာတွင် နွေရာသီ၌ သောက်သုံးရေ မပြတ်လပ်စေရေးအတွက်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကွင်းကျေးရွာတွင် နွေရာသီ၌ သောက်သုံးရေပြတ်လပ်သည့် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမန်နှစ်က စက်ရေတွင်း တစ်တွင်းတူးဖော်၍ ဂါလန် ၂၅၀၀ ဆံ့ ရေလှောင်ကန်တစ်လုံးတည်ဆောက်ပေးခဲ့ပြီး နွေရာသီတွင် သောက်ရေအခက်အခဲရှိသော ရွာချင်းကပ်လျက် မုဏ္ဍမော့ကျေးရွာကွက်သစ်ပိုင်းအတွက်လည်း ကူညီပေးဝေလျက်ရှိသည်။

ယခုနှစ်တွင်လည်း သောက်ရေမပြတ်လပ်စေရေးအတွက် ဂါလန် ၁၅၀၀ဆံ့ ရေကန်တစ်ကန်ကို ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

(ရဲခေါင်ဦး)

မီးသတ်ယာဉ်စက်များ လွှဲပြောင်းပေးအပ်

ထားဝယ် ဖေဖော်ဝါရီ ၅

(၆၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့နယ် ပြည်သူများအတွက် နယ်မြေမီးသတ်စခန်းဖွင့်လှစ်ခြင်းနှင့် မီးသတ်ယာဉ်၊ စက်များနှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က မေတ္တာမြို့ နယ်မြေ မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီက မေတ္တာနယ်မြေမီးသတ်စခန်း ဝန်ထမ်းနေအိမ်နှင့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မြန်/ဆက်)


ကျွန်ုပ်ရဲ့ ကားကို ရှာ...
ဟိုးရှေးရှေး တုန်းက
ကျွန်ုပ်ရဲ့ ကားကို ရှာ...

နမ့်ဆန်နှင့် လပွတ္တာမြို့ မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးပေါ် အစည်းအဝေးကျင်းပ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရေးပေါ်စီစဉ်ပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း။

နေပြည်တော် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး အရေးပေါ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မီးဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာများပံ့ပိုးရေး၊ ယာယီတဲများ၊ အဝတ်အထည်များ၊ Family Kit များ ဖြည့်ဆည်းပေးရေး၊ ကျောင်းသား ကျောင်းသူများ အတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များ ပြန်လည်ဖြည့်ဆည်းပေးရေးနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိအောင် ကူညီပံ့ပိုးပေးရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် လိုအပ်သောပစ္စည်းများကို တပ်မတော်နှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနတို့မှ အရေးပေါ်စီစဉ်ပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတသည် နမ့်ဆန်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် လပွတ္တာဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ရန်အတွက် ယနေ့သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း။

နမ့်ဆန်နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအလှူရှင်များက အလှူငွေများလှူဒါန်းနိုင်ရန် ငွေစာရင်းအမှတ်များ အသိပေးဖော်ပြခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

နမ့်ဆန်နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ အလှူရှင်များမှ နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ အလှူရှင်များ လွယ်ကူစွာလာရောက်လှူဒါန်းနိုင်ရန်အတွက် အောက်ပါ ငွေစာရင်းအမှတ်များဖွင့်လှစ်ပြီးဖြစ်၍ တိုက်ရိုက်ထည့်သွင်းလှူဒါန်းနိုင်ပါရန် ဖော်ပြအပ်ပါသည်-

(၁) မြန်မာငွေ

ငွေစာရင်းအမည်	-	အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ
ငွေစာရင်းအမှတ်	-	OA-011834
ဘဏ်အမည်	-	မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်
လိပ်စာ	-	အမှတ်(၂၆)၊ သီရိကျော်စွာလမ်း၊ ဘဏ်ဇုန်၊ နေပြည်တော်

(၂) နိုင်ငံခြားငွေ

ငွေစာရင်းအမှတ်	-	1DA-0300086
ငွေစာရင်းအမည်	-	Natural Disaster Management Fund
ဘဏ်အမည်	-	Myanmar Foreign Trade Bank
SWIFT CODE	-	MFTB MMMY
လိပ်စာ	-	No(80-86) Maha Bandoola Garden Street Kyauktada Township, Yangon, Myanmar

ဆက်သွယ်ရန်လိပ်စာ- ဦးစိုးအောင် ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၅၀၊ ၀၉-၈၆၀၀၀၂၅၊ ဦးမျိုးဆက်အောင် လက်ထောက်အတွင်းဝန်(ညွှန်ကြားရေးမှူး) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၃၇၇၊ ၀၉-၂၅၀၉၆၅၈၉၈၊ ၀၉-၂၅၀၂၁ဝ၆၊ ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၃၁၁၆၊ ၀၉-၂၀၂၁ဝ၉ဒ၁ ဒေါ်နီလာထွန်း ဒုတိယညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၂၄၃၃၊ ၀၉-၄၂၀၇ဝ၃၆၄၇။

မီးဘေးသင့်အိမ်ထောင်စုများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးဘေးအန္တရာယ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော ပြည်သူများ အတွက် ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၅ ရက်တွင် အလှူငွေများ၊ ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် သောက်ရေသန့် ဘူးများ သွားရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် နမ့်ဆန်မြို့နယ်မှ မီးဘေးသင့် အိမ်ထောင်စု ၃၀၀ ခန့်နှင့် လပွတ္တာမြို့နယ်မှ မီးဘေးသင့် အိမ်ထောင်စု ၂၂၅ စုတို့အတွက် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများမှ ဝန်ထမ်းများနှင့် ဒေသခံများ ပူးပေါင်း၍ နံနက်စာ၊ နေ့လယ်စာနှင့် ညစာတို့ကို ချက်ပြုတ်လှူဒါန်း၍ လည်းကောင်း၊ မီးဘေးသင့် အိမ်ထောင်စုများ အားလုံးအတွက် ကနဦးလှူဒါန်းမှုအဖြစ် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ငါးခြောက်ငါးပိသာ၊ ကုလားပဲငါးပိသာ၊ သောက်ရေသန့်ဘူးများနှင့် ငွေကျပ် ငါးသိန်းစီတို့ကို ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ooo

ဂျပန်နိုင်ငံ ဆာကူရာဂျီမာမီးတောင်မှ မီးခိုးပြာများမှုတ်ထုတ်



ကျီတို ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံ အနောက်တောင်ဘက် ကာဂိုရှိမာစီရင်စုရှိ ဆာကူရာဂျီမာ မီးတောင်မှ ယနေ့ညနေခင်းတွင် မီးခိုးပြာများမှုတ်ထုတ်ခဲ့ကြောင်း ဒေသန္တရ သတင်းများအရ သိရသည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ည ၇ နာရီမတိုင်မီ ဖြစ်ပွားခဲ့သည်ဟု မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီကဆိုသည်။ ယမန်နှစ် စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါမီးတောင်သည် နောက်ဆုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲစဉ်တွင် မီးခိုးငွေ့များကို ကောင်းကင်ယံအထက်သို့ အကွာအဝေး မီတာ ၂၂၀၀ ခန့်အထိ မှုတ်ထုတ်ခဲ့ကြောင်း မိုး/ဇလအေဂျင်စီမှ တာဝန်ရှိသူများကဆိုသည်။ မီးတောင်ဝမှ တစ်ကီလိုမီတာခန့်အကွာအဝေးသို့ မီးခိုးပြာခဲများ မှုတ်ထုတ်ခဲ့သည်ဟု ယင်းအေဂျင်စီက အတည်ပြုခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲပြီး ၁၅ မိနစ်ခန့်အကြာတွင် မိုး/ဇလအေဂျင်စီ က သတိပေးချက်အဆင့် (၃) ထုတ်ပြန်ကြေညာခဲ့သည်။ အဆင့် (၃) သတိပေးချက်သည် မီးတောင်သို့ သွားရောက်မှုကို ပိတ်ဆို့တားမြစ်ထားခြင်းဖြစ်သည်။

အေဂျင်စီတာဝန်ရှိသူများက နှစ်ကီလိုမီတာအကွာအဝေးအတွင်း ချော်ရည်၊ ချော်ခဲများစီးဆင်းမှုနှင့် မီးသွေးတုံးများမှုတ်ထုတ်မှုများကို ဒေသခံပြည်သူများအား အဆက်မပြတ် စောင့်ကြည့်ထားရန် တောင်းဆိုထားသည်။

ယမန်နှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း မီးတောင်ပေါက်ကွဲမှု အနည်းဆုံးအကြိမ် ၇၀၀ ဖြစ်ပွားခဲ့သည်။ ယင်းတို့အနက် အကြိမ် ၁၇၀ ကျော်သည် ကောင်းကင်ယံအထက် မီတာ ၂၀၀၀ ကျော်သို့ မီးခိုးငွေ့များ မှုတ်ထုတ်ခဲ့ပြီး ၁၂ ကြိမ်ခန့်သည် တစ်ကီလိုမီတာအကွာအဝေးသို့ မီးပြာခဲများ မှုတ်ထုတ်ခဲ့ကြောင်းသိရသည်။ **အင်နန်အိတ်ချ်ကေ။**

အိန္ဒိယရေတပ်စစ်သင်္ဘောများ၌ အမျိုးသမီးစစ်သည်များ တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မည်

နယူးဒေလီ ဖေဖော်ဝါရီ ၅

အိန္ဒိယလေတပ်ဖွဲ့တွင် အမျိုးသမီးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ခွင့်ပြုခဲ့ပြီးနောက် အိန္ဒိယရေတပ်ဖွဲ့များ၌ အမျိုးသမီးစစ်သည်များအား ရေတပ်စစ်သင်္ဘောများ၌ တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ခွင့်ပြုမည်ဖြစ်သည့်အပြင် ရေတပ် စစ်လေယာဉ်များ၌ အမျိုးသမီးလေယာဉ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယရေတပ်၏ စစ်ရေယာဉ်များနှင့် စစ်လေယာဉ်များတွင် အမျိုးသမီးများကို မကြာမီကာလမှစ၍ ခန့်အပ်တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံတောင်ပိုင်း ဗစ်စတာပတ်တန်မ်မြို့၌ အိန္ဒိယရေတပ် ဗိုလ်ချုပ် အာရ်ကေဒိုဝမ်က သတင်းထောက်များအား ပြောကြားသည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အိန္ဒိယလေတပ်၌ အမျိုးသမီး လေသူရဲများအဖြစ် ခန့်အပ်ရန် လွန်ခဲ့သည့်နှစ်က သဘောတူညီခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ရေတပ် စစ်သင်္ဘောများ၌ အမျိုးသမီးအရာရှိများကို တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲရေး ဆွေးနွေးညှိနှိုင်းမှုများ စတင်

နယူးယောက် ဖေဖော်ဝါရီ ၅

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အမျိုးမျိုးသော ရှုထောင့်အမြင်များကို ဖော်ထုတ်ဆွေးနွေးနိုင်စေရန် မျက်နှာစုံညီအစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုံးသော အစည်းအဝေးကို ကျင်းပလျက်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ သံတမန်များက ပြောကြားကြသည်။

ကမ္ဘာ့နိုင်ငံများ၏ တူညီသော ရည်မှန်းချက်အတွက် ဆွေးနွေးညှိနှိုင်းကြမည့် အခင်းအကျင်းရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီး မိုတိုဟိုက် ယိုရှိကာဝါက တံခါးပိတ်အစည်းအဝေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစည်းအဝေးကို နယူးယောက်မြို့၌ ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းလိုပြီး အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ အဖြစ် ပါဝင်ခွင့်ရရှိရန် မျှော်မှန်းထားသည်။

ယခုကျင်းပသော အစည်းအဝေး၌ အဓိက ဆွေးနွေးသော ကိစ္စရပ်တစ်ခုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံအကြား ဆက်ဆံရေး ကိစ္စရပ်ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ အရွယ်အစားနှင့် လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းများနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း လူဇင်ဘတ် သံအမတ်ကြီး ဆဲလ်ဗီး လူကက်စ်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဩဇာအာဏာကြီးမားသော လုံခြုံရေးကောင်စီ၏ အလှည့်ကျအဖွဲ့ဝင်နိုင်ငံအဖြစ် ဇန်နဝါရီတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သော လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးအတွက် ဂျီ-၄ အုပ်စုကလည်း ဖိအားပေးတောင်းဆိုလျက်ရှိသည်။ **ကျိုဒို။**

လစ်ဗျားနိုင်ငံ၌ အိုင်အက်စ်တိုက်ခိုက်ရေးသမားများအရေအတွက် မြင့်တက်လျက်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အီရတ်နှင့်ဆီးရီးယားနိုင်ငံများရှိ အိုင်အက်စ်စစ်သွေးကြွ အရေအတွက်မှာ လျော့နည်းသွားသော်လည်း လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအရေအတွက်မှာ မြင့်တက်လာခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့လျော့နည်းရခြင်းမှာ အမေရိကန်ပြည်ထောင်စုဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာ ထိုးစစ်ဆင်မှုကြောင့်ဟု မှတ်ယူရကြောင်း အဆိုပါတာဝန်ရှိသူက ထုတ်ဖော်ပြောကြားသည်။ အီရတ်နှင့် ဆီးရီးယားနိုင်ငံများရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားအရေအတွက်မှာ ခန့်မှန်းခြေ ၃၀၀၀၀ ခန့်မှ ၂၅၀၀၀ ခန့်ထိ လျော့နည်းသွားပြီး လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားအရေအတွက်မှာ ၅၀၀၀ ခန့်ထိ မြင့်တက်လာသည်ဟု ယုံကြည်ရကြောင်း သိရသည်။ ညွှန့်ပေါင်းတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အီရတ်နှင့်ဆီးရီးယားနိုင်ငံများရှိ နယ်မြေအချို့ထိန်းချုပ်မှုကို ဆုံးရှုံးလာသောကြောင့် အိုင်အက်စ်အဖွဲ့၏လူသစ်စုဆောင်းမှုများမှာ လစ်ဗျား နိုင်ငံဆီသို့ဦးတည်လာဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတအိုဘားမားက လစ်ဗျားနိုင်ငံအတွက် အကူအညီပေးမှုကိုအားဖြည့်ရန် ပြီးခဲ့သည့်လက တာဝန်ရှိသူများအား ညွှန်ကြားခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စစ်ဘက်ဆိုင်ရာရွေးချယ်စရာများအပါအဝင် မည်သည့်လုပ်ဆောင်မှုများ ဆောင်ရွက်ရမည်ကို စဉ်းစားသုံးသပ်လျက်ရှိသည်။ အဆိုပါကိစ္စမှာ လာမည့်ရက်သတ္တပတ်၌ ညွှန့်ပေါင်းအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများတွေ့ဆုံသည့် အချိန်တွင် အရေးပါသောဆွေးနွေးမှုများအနက် တစ်ခုဖြစ်လာမည်ဟု မျှော်မှန်းထားသည်။ **အင်နန်အိတ်ချ်ကေ။**

တောင်ဆူဒန်၌ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး ဂျပန်တပ်ဖွဲ့ဝင်များကို စေလွှတ်မည်

တိုကျို ဖေဖော်ဝါရီ ၅

တောင်ဆူဒန်နိုင်ငံ၌ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အထူးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း ဂျပန်အာဏာရပါတီမှ ပါလီမန်အမတ်တစ်ဦးက ပြောကြားသည်။

အောက်တိုဘာလကုန်အထိဖြစ်သော ရှစ်လတာကာလ တာဝန်ထမ်းဆောင်ကြမည့် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို တောင်ဆူဒန်သို့ စေလွှတ်မည်ဖြစ်သည်။

တောင်ဆူဒန်သို့ တပ်ဖွဲ့စေလွှတ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန် ဂျပန်အစိုးရအဖွဲ့က ဝန်ကြီးအဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်တွင် ခေါ်ယူမည်ဟု မျှော်လင့်ရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် တောင်ဆူဒန်ဆိုင်ရာ ကုလသမဂ္ဂ အထူးလုပ်ငန်းတာဝန်ကို သက်တမ်းတိုးချဲ့ရန် ဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်နှင့်အညီ ဂျပန်နိုင်ငံက တပ်ဖွဲ့များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကျိုဒို။

❑❑❑

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

သာစွလေ ဂျင်းဖောတို့မြေ

သတင်းဆောင်းပါး-မောင်ဦးအေး

"ဂျာ၊ ဝိုင်အီး"
"ဂျာ၊ ဂျာ"
"ကျေးဇူးကမ္ဘာနော"
"ကျေးဇူးကမ္ဘာ"

ကချင်ပြည်နယ်အတွင်းရှိ ရွာတစ်ရွာ၊ အရပ်ဒေသတစ်ခုတွင် ဟောပြောပွဲဖြစ်စေ၊ ဆွေးနွေးပွဲဖြစ်စေ၊ အလျှဲ့ပွဲဖြစ်စေ၊ အခမ်းအနားပွဲဖြစ်စေ ကျင်းပအပြီးအပြန်တွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့၏ "ကျေးဇူးကြီးလှပါတယ်" ဟုဆိုလိုသော "ကျေးဇူးကမ္ဘာ" ဟုဆိုလိုချင်သော ကချင်လူမျိုးစု တိုင်းရင်းသားဘာသာဖြင့် ပြောဆိုနှုတ်ဆက်သံများကို ကိုယ်တွေ့ကြုံခဲ့ဖူးသဖြင့် ယနေ့တိုင် သတိရနေမိသည်။

လွန်ခဲ့သည့်နှစ်များစွာက ရောက်ခဲ့ဖူးသော မြစ်ကြီးနားမြို့မှ ၅၈ မိုင်ကွာဝေးသည့် ဆဲဒုံးမြို့လေးသည် ကိုလိုနီခေတ်က နယ်ချဲ့တို့ကို တွန်းလှန်ခဲ့သော ရှေးဟောင်းခံတပ်မြို့လေးဖြစ်သည်။ မြို့လေး၏တောင်ထိပ်တွင် ခန်းမဆောင်ရှိပြီး အခမ်းအနားများကျင်းပသည့်အခါ ကျေးရွာလူကြီးများနှင့် ရွာလူထုတို့လာရောက်တတ်သည်။ ပတ်ဝန်းကျင်မှ ဂျင်းဖော၊ လီဆူ၊ မရူး၊ ယောရင် ကျေးရွာသူ ကျေးရွာသား တိုင်းရင်းသားများ ပါဝင်သည်။ ယဉ်ကျေးဖော်ရွေပြီး နှစ်လိုဖွယ်ကောင်းသော ဒေသခံတိုင်းရင်းသားပြည်သူများမှာ ရိုးသားဖြူစင်လှသည်။ ထိုတိုင်းရင်းသားများသည် မိမိတို့ဒေသအတွင်း မငြိမ်းချမ်းသော ဖြစ်အင်များကို ကုန်ဆုံးစေလိုပြီး ငြိမ်းချမ်းသောဘဝများကို ဆောင်ကြဉ်းပေးနိုင်မည့်သူများအား "ကျေးဇူးကမ္ဘာ" ဟုပြောဆိုတတ်ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားတို့၏ ရင်တွင်းမှ မေတ္တာလွှမ်းခြုံသည့် နှုတ်ခွန်းဆက်သံများကိုကြားခဲ့ရသည်မှာ နှလုံးစိတ်ဝမ်းချမ်းမြေ့စေသည်။

ဆဲဒုံးရှေးဟောင်းခံတပ်မြို့လေးသည် လွတ်လပ်ရေးရပြီးစကာလက ကြေးနန်းနှင့်စာတိုက်ရုံး၊ စာသင်ကျောင်းများဖြင့် စည်စည်ကားကား ရှိခဲ့သေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားတိုက်ခိုက်မှုများရှိလာသောအခါ အမှုထမ်းများ မြစ်ကြီးနားသို့ ပြောင်းရွှေ့ကာ မြို့လေးမှာခြောက်သွေ့သွားပြန်သည်။ ဆဲဒုံးမြို့လေးမှာ ငြိမ်းချမ်းရေးနှင့် အလုမ်းဝေးနေဆဲဖြစ်သည်။ ဒေသခံတိုင်းရင်းသားတို့ ငြိမ်းချမ်းရေးကို ငုံလင့်နေဆဲဖြစ်သည်။ ကချင်ပြည်နယ်အတွင်းမှ နမ္မတီးမြို့သည်လည်း ရှေးယခင်က အိမ်ခြေအစိတ်၊ သုံးဆယ်သာရှိသည့် ရွာလေးတစ်ရွာသာဖြစ်သည်။ အစိုးရက နမ္မတီးသကြားစက်ရုံ တည်ဆောက်ပေးသည့်အခါမှ သကြားလုပ်ငန်း၊ ကြံစိုက်ပျိုးရေးလုပ်ငန်းကို အကြောင်းပြုကာ လူနေအိမ်ခြေများတိုးကာ မြို့ကြီးတစ်မြို့ ဖြစ်လာသည်။

ထိုစက်ရုံကိုအမှီပြု၍ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းရေးချောင်လည်လာကြသည်။ စက်ရုံကြီးပုံမှန်လည်ပတ်နိုင်လေ ကြံစိုက်ပျိုးရောင်းဝယ်ကြသည့် သောင်းနှင့်ချီသော ဒေသခံ ရှမ်း၊ ကချင်၊ မရူး၊ လီရှော၊ မိုင်းသား၊ ယောရင်း၊ ခမ်းမတီ တိုင်းရင်းသားများ ချောင်ချောင်လည်လည်ဖြစ်လာကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားလာကြသောအခါ ကြံစိုက်ပျိုးရေး၊ ပို့ဆောင်ရောင်းဝယ်ရေး အခက်အခဲဖြစ်ရသည်။ ထို့ကြောင့် ဒေသခံတိုင်းရင်းသားများမှာ ငြိမ်းချမ်းရေးကို မျှော်လင့်နေရရှာသည်။ ငြိမ်းချမ်းရေးကို ဒေသခံကြံစိုက်တိုင်းရင်းသားများသာ မျှော်လင့်ကြသည်မဟုတ်။ ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်ကြသည်။

နမ္မတီးတွင် ဆင်ဖမ်းလုပ်ငန်းမှာလည်း ထင်ရှားကျော်ကြားခဲ့သည်။ ထိုအချိန် ထိုအရပ်ဒေသများတွင် ငြိမ်းချမ်းမှုရှိပါက အလုပ်အကိုင်ကောင်းပြီး မိုးကောင်းတောင်ကြားတစ်ဝိုက်တွင် နှစ်စဉ် ဆင်အမြောက်အများ ဖမ်းနိုင်သဖြင့် ဝင်ငွေကောင်းသည်။ "ကမ္ဘာမှာ ဆင်ကို ကျီးနဲ့မဖမ်းဘဲ ကြိုးကွင်းနဲ့စွပ်ပြီး ဖမ်းနိုင်တာ ဒီကတိုင်းရင်းသားတွေပဲရှိတယ်ဗျ။ နိုင်ငံခြားသားရည်ညွှန်းသည်တွေလာရင် မယုံလို့ လက်တွေ့ဖမ်းပြရသေးတယ်။ မိတဲ့ဆင်ရိုင်းဟာ လည်း နှစ်လ၊ သုံးလအတွင်း ရှေ့တိုး၊ နောက်ဆုတ်၊ အဝပ်၊ အထိုင် အားလုံးတတ်သွားတာပဲ။ ဆင်ဖမ်းရာသီမှာ ဟူးကောင်းနဲ့ မိုးကောင်းတောင်ကြားတစ်ဝိုက် ငြိမ်းချမ်းပါစေလို့သာ ဆုတောင်းပါတယ်" ဟု ဒေသခံ တိုင်းရင်းသား၏ ငြိမ်းချမ်းရေးကို တမ်းတပုံကို သတိရမိသည်။

ကချင်ပြည်နယ်သို့ တာဝန်ဖြင့် ရောက်လေရာ ကျေးရွာတိုင်း၌ ကျေးရွာများမှ တိုင်းရင်းသားပြည်သူများ အပြေးလာကြကာ ဝိုင်းအုံနှုတ်ဆက်ကြသည်။ ကျွန်တော်တို့အဖွဲ့မှ တစ်ဦးက ရောက်လေရာကျေးရွာတိုင်းတွင် တိုင်းရင်းသား ကလေးငယ်များအား မုန့်၊ သကြားလုံး စသည့်စားစရာများကိုပေးဝေရာ ကလေးငယ်များ ဝိုင်းဝိုင်းလည်၍ "ကျေးဇူးကမ္ဘာ" အသံများ သောသောညံခဲ့သည်ကို ကြားယောင်မိသည်။ ရောက်လေရာ နယ်တိုင်းတွင် တိုင်းရင်းသားလူမျိုးစု ကျေးရွာလူထုတို့သည် ခွန်းပါးကြသည်။ ဆန်ရေစပါးနှင့် အဝတ်အစားတို့ကို အလိုရှိကြသည်။ ညီအစ်ကိုအချင်းချင်း ရန်ဖြစ်နေကြမည့် အစား နောင်ကြီးလာမည့်ကလေးများ အစာကောင်း ကောင်းစား၊ အဝတ်ကောင်းကောင်းဝတ်ပြီး ပညာကောင်းကောင်း သင်နိုင်ဖို့အရေးကြီးသည်ဟု လူမျိုးစုခေါင်းဆောင်တို့က တစ်သံတည်းပြောခဲ့သည်။ "ကျွန်မတို့က အရေးမကြီးပါဘူး။ သားသမီးလေးတွေရှေ့ရေးအတွက် အေးချမ်းစေလိုပါပြီ" ဟု ပြောခဲ့သော ဇီးလွန်ရွာမှ ဂျင်းဖောအမျိုးသမီးကြီးကို သတိရမိသည်။

ဆဲဒုံးနှင့်နမ္မတီးမှ တိုင်းရင်းသားပြည်သူများဝဘဝမှာ ဥပမာမျှသာ ဖြစ်သည်။ ကချင်ပြည်နယ်အတွင်း အလားတူ တိုင်းရင်းသားပြည်သူ များစွာရှိသည်။ ဂျင်းဖော၊ အဇီး(ဇိုင်းဝါး)၊ လရှီ(လာချစ်)၊ လီဆူ၊ ရဝမ်နှင့် မရူ(လောင်ဝေါ်)မျိုးနွယ် ခြောက်မျိုးကို စုပေါင်းကာသတ်မှတ်ထားသည့် ကချင်တိုင်းရင်းသားမျိုးနွယ်များအားလုံးတို့ အပြင် ရှမ်းကြီး၊ ရှမ်းတရုတ်၊ ရှမ်းမြန်မာ၊ ဂဒူး စသော မျိုးနွယ်လေးမျိုးပါဝင်သော ရှမ်းများနှင့် ချင်း၊ ပလောင်၊ နာဂတို့၏ တူညီသောဆန္ဒမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဖော်ဆောင်နေပြီး ကချင်ပြည်နယ် ဖွံ့ဖြိုးရေးကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားအများစု၏ဆန္ဒကို လက်နက်ကိုင် တိုင်းရင်းသားအနည်းစုက ဖြည့်ဆည်းပေးရန် တိုက်တွန်းချင်သည်။

ကချင်ပြည်နယ်မှ သာယာလှပသည့် မေခြမ်ရှုခင်းအလှ။ ဓာတ်ပုံ-Bradford Duplisea

မြန်မာပြည်မြောက်ဖျားမှ လွမ်းမောဖွယ်ရာများနှင့် တင့်တယ်လှပသော သဘာဝများပိုင်ဆိုင်ထားသည့် ကချင်ပြည်နယ်သည် အလှတရားများနှင့်အတူ ငြိမ်းချမ်းဝေစည်သင့်လှသည်။ ပြည်နယ်တစ်ခုလုံးငြိမ်းချမ်းသာယာနေမည်ဆိုလျှင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားပြည်သူများလည်း ချောင်ချောင်လည်လည်နှင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိကြမည်။ ပြည်နယ်အတွင်း စိုက်ပျိုးနိုင်သောရေမြေသဘာဝနှင့် တွင်းထွက်ရတနာများ ပေါများကြွယ်ဝသည့်အပြင် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတောင်များဖြစ်သည့် ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီနှင့် မေခ၊ မလိခမြစ်နှစ်သွယ်သည်လည်း ခရီးသွားများအတွက် ဆွဲဆောင်ဖွယ်ရာများဖြစ်သည်။ ကချင်ပြည်နယ်နှင့် တစ်ပြေးတည်းရှိသည့် ယူနန်ပြည်နယ်တွင် ဒေသငြိမ်းချမ်းဖွံ့ဖြိုးသောကြောင့် မျိုးနွယ်ဆင်းသက်မှု တူညီသော တိုင်းရင်းသားများ အေးအေးချမ်းချမ်းနှင့် ချောင်ချောင်လည်လည်နေနိုင်သည်မှာ အားကျဖွယ်ဖြစ်သည်။

လွတ်လပ်ရေးရပြီးချိန်နောက်ပိုင်းမှစတင်၍ နိုင်ငံရေးမတည်ငြိမ်မှု၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို တိုင်းရင်းသားပြည်သူအားလုံး ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်သည်။ ယနေ့အချိန်ကာလတွင် တိုင်းရင်းသားပြည်သူများ၏ နာကျင်နစ်နာခဲ့သော အတွေ့အကြုံများကို သင်ခန်းစာယူပြီး ပဋိပက္ခများချုပ်ငြိမ်းစေရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါလည်း ရောက်ရှိနေပြီဖြစ်သည်။ ကချင်ပြည်အတွင်းမှ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် ကချင်ပြည်နယ်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တိုက်တွန်းလွှာကိုလည်း အလေးအနက်ထားစေချင်သည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ရသည့်အတွက် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့ရသည်။ ယနေ့အချိန်တွင် ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရှိနေပြီဖြစ်ရာ ယင်းအခြေခံကောင်းများနှင့်အတူ ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့သည်။

ကျွန်တော်တို့ ကချင်ပြည်နယ်သို့ ရောက်ရှိခဲ့သည့် အပြန်ခရီးတွင် ကချင်လူငယ်များနှင့် ကြမ်းတစ်ပြေးတည်း ထိုင်၍ လက်ရေတစ်ပြင်စီး ခွက်စုံလက်စုံ ထမင်းစားခဲ့ရသေးသည်ကိုလည်း ယနေ့တိုင်မမေ့နိုင်သေးချေ။ မြစ်ကြီးနားဘူတာတွင် "ပြည်ထောင်စု နေ့ကျရင်လာကြဦးနော်" ဟု တိုင်းရင်းသားညီအစ်ကိုများ၏ ဟစ်အော်သံကိုလည်း ကြားယောင်နေဆဲ ဖြစ်သည်။ ကချင်တိုင်းရင်းသားများ ကိုကြည့်ရင် အဆိုတော် မကြည်အောင်၏ အညာလေ့ သရုပ်ဖော် သီချင်းတစ်ပုဒ်မှ အဆုံးပိုဒ်လေးကို သတိရမိသည်။ "ဒေါင်းလန်းကြီးရယ်နဲ့ . . . ။ လက်ရေတပြင်စီး ရှေးကတော့ ပိုချစ်ကြတယ် . . . " ဟူ၍ဖြစ်သည်။

ဤသီချင်းကို ပြင်၍စိတ်ကူးကြည့်မိသည်။ မိုးသို့ထိုးနေသော တောင်များကြားတွင်၊ တပျော်တပါး တရင်းတနှီးတသွေးတသားတည်း ရှိကြကုန်သော တပ်မတော်သားများ၊ ပြည်နယ် သားတိုင်းရင်းသားများအားလုံး ဤတစ်စုအတွက် သင့်တော်အောင် ပြင်လျှင်-

"သာစွလေ . . . ဂျင်းဖောတို့မြေမှာဖြင့်၊ လက်ရေတစ်ပြင်စီး၊ ရှေးကထက် ပိုချစ်ကြပြီ . . . " ဟူသတည်း။ ။

ဂျပန်နိုင်ငံအစိုးရက ပူတာအိုမြို့နယ်တွင် စာသင်ကျောင်းဆောင်နှင့် ကျန်းမာရေးဌာန လျှုဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံအစိုးရက ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် စာသင်ကျောင်းနှစ်ဆောင်နှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ဆောင် ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ခြောက်သိန်းနီးပါးထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် ၎င်း၏အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် လုံရှာရန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၇၃၅၂၀၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဒမ်ရှန်ဂေါင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၉၇၄၃ ဒေါ်လာနှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၇၀၆၁၆ ဒေါ်လာတို့ ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

လုံရှာရန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများသည် နံရံမရှိသော ယာယီဆောင်များနှင့် မပြီးစီးသေးသော ကျောင်းဆောင်များတွင် စာသင်ကြားနေရသည့်အတွက် ကျောင်းသုံးပရိဘောဂ အစုံအလင်ပါဝင်သော သံကူကွန်ကရစ်နှစ်ထပ်စာသင်ဆောင်တစ်ဆောင်ကို ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျောင်းဆောင်တွင် ကျောင်းသားကျောင်းသူ ၉၈၂ ဦး ပညာသင်ကြားနိုင်မည်ဖြစ်သည်။

မဒမ်ရှန်ဂေါင်ကျေးရွာရှိ စာသင်ဆောင်တွင် သွပ်မိုးအပေါက်လေးများဖြစ်ပေါ်နေပြီး မျက်နှာကြက်မရှိပါ။ ဤကဲ့သို့သော အခြေအနေတွင် ကျောင်းသုံးပရိဘောဂ အစုံအလင်ပါဝင်သော သံကူကွန်ကရစ်တစ်ထပ်စာသင်ဆောင် တစ်ဆောင်ကို ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူ ၂၉၈ ဦး ပညာသင်ကြားနိုင်မည်ဖြစ်သည်။

အလားတူ မန်စေကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသည် ၂၀၀၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဟောင်းနွမ်းသော သစ်သားအဆောက်အအုံဖြစ်ကာ ကလေးမီးဖွားခန်း၊ ဆေးသိုလှောင်ခန်းများမရှိသည့်အပြင် ဆေးခန်းသုံးပစ္စည်းများလည်း လုံလောက်မှုမရှိသဖြင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ၊ အိမ်သာ၊ ဆေးခန်းသုံးပစ္စည်းများနှင့် ပရိဘောဂများကို ထောက်ပံ့ပေးခဲ့သည်။ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးရွာခုနစ်ရွာမှ လူဦးရေ ၂၀၂၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းများ လွှဲပြောင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr.Kei MAEDA တက်ရောက်ပြီး စီမံကိန်းများကို လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်သံအမတ်ကြီးနှင့် အမေရိကန်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ် (**အပေါ်ပုံ**)အား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမေရိကန်သံအမတ်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန် (**အောက်ပုံ**)အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ရှိအခြေအနေနဲ့ ဥပဒေတစ်ထပ်တည်းကျမှ တိုင်းပြည်ပွံ့ဖြိုးတိုးတက်မှာဖြစ်

သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကြည်၊ ကိုမင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့တွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရရိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်နှစ်ရပ်က အတည်ပြုခဲ့ကာ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။

ထို့ပြင် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးအတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းရေးအတွက်လည်း အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ကော်မတီများ အတည်ပြုဖွဲ့စည်းခြင်း၊ အတည်မပြုရသေးသည့်ကော်မတီများကို အမည်စာရင်းတင်ပြခြင်းတို့ လုပ်ဆောင်ခဲ့ရာတွင် ကော်မတီ၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်ကြောင်းနှင့် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ကာ လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူးအဖြစ် ပထမလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုဒုတိယလွှတ်တော်တွင်လည်း အတွင်းရေးမှူးတာဝန်ယူရမည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဥာဏစိုးအား မေးမြန်းခဲ့ရာ "အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူးတာဝန်ကို ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ထမ်းဆောင်ခဲ့ပြီးပါပြီ။ အဲဒီပထမအကြိမ်တုန်းက အားနည်းချက်၊ အားသာချက်တွေကို ပြန်သုံးသပ်ပြီး ဆက်လုပ်ဖို့ပဲရှိပါတယ်။ ပထမ အကြိမ်လွှတ်တော်သက်တမ်းမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဥပဒေကြမ်းကော်မတီဝင်တွေကို ဂုဏ်ပြုချင်ပါတယ်။ ဒီလမ်းကြီးကို အသစ်ဖောက်ပြီး စလျှောက်ခဲ့ရတာလည်း ဖြစ်တယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းက ပထမအကြိမ်ထက်ပိုပြီး ပြည်သူနဲ့ နီးစပ်မှုရှိမယ့် ဥပဒေပြဋ္ဌာန်းချက်မျိုးတွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ ပိုပြီးတော့ စွမ်းဆောင်ရည်လည်းမြင့်လာပြီး အတွေ့အကြုံလည်းရှိခဲ့ကြပြီဆိုတော့ ပထမအကြိမ်ထက် ပိုပြီးတော့အောင်မြင် အောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပထမအကြိမ်လွှတ်တော်နှင့် ဒုတိယအကြိမ်လွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီဆိုင်ရာ ခြားနားချက်များကို ရှင်းပြခဲ့သည်။

ဒေါက်တာမြတ်ဥာဏစိုး

ဦးသိမ်းဆွေ

ဦးတင်မောင်ဦး

ဆက်လက်၍ ဒေါက်တာမြတ်ဥာဏစိုးက ပထမအကြိမ်လွှတ်တော်တွင် ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း အမှန်တကယ်ကျင့်သုံး၍မရခြင်းနှင့် လိုက်နာကျင့်သုံးခြင်းမရှိခြင်းတို့နှင့်ပတ်သက်၍ "ပထမအကြိမ်တုန်းကတော့ ဥပဒေကြမ်းဆိုတာထက် အချိန်အတိုင်းအတာအရ အားမရနိုင်တဲ့ဥပဒေတွေ အများကြီးရှိခဲ့ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ဥပဒေဆိုတာက ပြည်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ တိုးတက်လာအောင် မြှင့်တင်ပေးဖို့ပါ။ ဥပဒေကြမ်းကနေ ဥပဒေအဖြစ်တော့ ရောက်သွားတယ်။ တကယ်လက်တွေ့ကျင့်သုံးလို့ ရ၊ မရနဲ့ လိုက်နာကျင့်သုံးရတဲ့ ဝန်ကြီးဌာနတွေက တကယ်လိုက်နာကျင့်သုံးခြင်းရှိ၊ မရှိဆိုတာမျိုးတွေပါ။ ဆိုင်းငံ့ထားတဲ့ အကျဉ်းထောင်ဥပဒေလိုဟာမျိုးမှာလည်း နိုင်ငံရေးအကျဉ်းသားဆိုတာက ရှိကိုရှိပါတယ်လို့ နိုင်ငံတော်သမ္မတကလည်း ဖွင့်ဟပြီးကြေညာပြီးပြီ။

ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မပါလာရသေးသလဲဆိုတာမျိုးပါ။ အကျဉ်းထောင်တွေမှာ အကျဉ်းသားတစ်ဦးချင်းစီခွဲတာမဟုတ်ဘဲနဲ့ အကျဉ်းထောင်တွေကို ခွဲရမှာဖြစ်ပါတယ်။ အကျဉ်းထောင်တစ်ခုထဲမှာပဲ အကျဉ်းသားတွေကို ရောထွေးပြီး ထားတဲ့အခါကျတော့ ခါးပိုက်နှိုက်ကနေပြီးတော့ ထောင်ထဲဝင်သွားတယ်။ ပြန်လည်ထွက်လာတဲ့အခါကျတော့ သူခိုးဖြစ်လာတယ်။ သူခိုးကနေ ပြန်ဝင်သွားတော့ ဓားပြဖြစ်လာတယ်ဆိုတဲ့ အခြေအနေမျိုးတွေ ကြုံတွေ့လာရတယ်။ လွှတ်ငြိမ်းချမ်းသာခွင့်တွေ ပေးလိုက်တဲ့အခါမှာလည်း တရားဥပဒေစိုးမိုးမှုကို ထိခိုက်နိုင်တဲ့ အခြေအနေမျိုးတွေ ရှိတယ်။ ထောင်ဆိုတာက ပြုပြင်ပြောင်းလဲပေးရမယ့်အနေအထားမျိုးကို မရောက်တဲ့အခါမှာ တိုင်းပြည်အတွက် အင်မတန်နစ်နာပါတယ်။ ယခုပြောရရင် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ဖို့ရယ်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ဖို့ရယ် စတဲ့အချက်နှစ်ချက်က အလွန်အရေးကြီး ပါတယ်။ ဒီနှစ်ချက်ကို သေသေချာချာတိတိကျကျ ဖြစ်အောင်တော့ ဥပဒေလိုလာပြီ။ ဒါကြောင့် ပြဋ္ဌာန်းပြီးတဲ့ ဥပဒေတွေမှာလည်း ပြင်ဆင်စရာတွေ အများကြီးရှိပါတယ်။ ပြင်ဆင်သင့်တဲ့ ဥပဒေတွေ ပြန်လည်ပြင်ဆင်ရမှာပါ"ဟု ရှင်းပြသည်။

"အခုဒုတိယအကြိမ်လွှတ်တော်မှာ ပြည်သူတွေအတွက် လက်ငင်းအကျိုးဖြစ်ထွန်းမယ့် ဥပဒေမျိုးတွေကို ဖော်ဆောင်ရမှာပါ။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေရဲ့ အားနည်းမှုတွေကျတော့ ဥပဒေကြမ်းကော်မတီတစ်ခုတည်းနဲ့ မဆိုင်တော့ဘူး။ လွှတ်တော်ကြီးတစ်ခုလုံးနဲ့ ဆိုင်သွားပြီ။ နောက်ဖွဲ့စည်းလာမယ့် အစိုးရအဖွဲ့ကျရင်တော့ လွှတ်တော်နဲ့ ဟန်ချက်ညီညီလုပ်ဆောင်သွားမှာပါ။ အဲဒီလို လုပ်ဆောင်သွားရင် ဒီဘက်က ဥပဒေပြဋ္ဌာန်းပေးလိုက်တယ်၊ ဟိုဘက်က လိုက်နာဆောင်ရွက်မှုမရှိဘူး။ အားနည်းချက်ရှိတယ်၊ မရှိဘူးဆိုတာတွေကို နောက်လာမယ့်အစိုးရအဖွဲ့က တာဝန်ယူပြီးတော့ ဆောင်ရွက်သွားမှာပါ။

လွှတ်တော်တွေမှာ ကော်မတီလေးရပ်က အရေးကြီးဆုံး ကော်မတီတွေပါပဲ။ လွှတ်တော်လုပ်ငန်းတွေ အသက်ဝင်လာဖို့ဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေရှိရမယ်၊ လွှတ်တော်ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေရှိရမယ်၊ လွှတ်တော်ကော်မတီတွေရှိရမယ်။ ကော်မတီတွေရဲ့ လုပ်ဆောင်ချက်တွေ ပီပြင်တဲ့အခါကျမှ လွှတ်တော်က အသက်ဝင်လာမှာပါ။ဒါကြောင့် အမြဲတမ်းကော်မတီ လေးရပ်နဲ့အတူ လွှတ်တော်ကြီးက စတင်အသက်ဝင်လာပါပြီ"ဟု အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဥာဏစိုးက ပြောကြားသည်။

ထို့ပြင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် အမျိုးသားလွှတ်တော်သို့ အမည်စာရင်းတင်ပြခြင်းခံထားရသည့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေက"ကျွန်တော်တို့ အနေနဲ့ တတ်နိုင်သမျှ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြမှာပါ။ အစိုးရဆိုတာကိုလည်း ပြည်သူကနေ ရွေးချယ်တင်မြှောက်လိုက်တဲ့၊ ပြည်သူလိုလားတဲ့ ကိုယ်စားလှယ်တွေထဲကနေပြီး စဉ်းစားကြတယ်။ တာဝန်ရှိတဲ့ ခေါင်းဆောင်တွေကနေပြီးတော့ ရွေးချယ်ပြီးမှ အစိုးရတစ်ရပ်ဖြစ်လာမှာပါ။ တတ်နိုင်သမျှ နိုင်ငံသူနိုင်ငံသားတွေအတွက် ဦးတည်ပြီးအလုပ်လုပ်မှာဖြစ်တဲ့အတွက် ပြဿနာတွေကတော့ နည်းမှာပါ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးတွေကနေ လွှတ်တော်ထဲမှာ ကတိတွေပေးခဲ့တယ်။ ဒီကတိတွေကို ပျက်ကွက်ခဲ့တယ်ဆိုရင် ဘယ်အရာတွေကတော့ ဆောင်ရွက်မှုမရှိသေးဘူးဆိုတာတွေကို လေးစားလိုက်နာလာအောင် လွှတ်တော်ထဲကနေ တွန်းအားပေးသွားမှာပါ။ ပြီးတော့ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေကို လွှတ်တော်ထဲမှာ ခေါ်ပြီးတော့ ပြန်လည်ညှိနှိုင်းဆောင်ရွက်ကြမှာပါ"ဟု အစိုးရသစ်ဖွဲ့စည်းမှုနှင့် ညှိနှိုင်းဆောင်ရွက်သွားမည့် အကြောင်း ရှင်းပြသည်။

ဆက်လက်၍ ဦးသိမ်းဆွေက"ဆောင်ရွက်မှုအပိုင်းတွေမှာ အောက်ခြေက ဆောင်ရွက်မှုအားနည်းပြီဆိုရင် ဒီလုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်မှုမရှိဘူး၊ အားနည်းနေတယ်၊ လုပ်ကိုင်ဆောင်ရွက်မှုအပိုင်းတွေမှာ ထိရောက်မှုမရှိဘူး။ ဘတ်ဂျက်ချပေးထားတာထက် ကွာဟမှုများနေတယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အရေးယူဆောင်ရွက်ဖို့အတွက် တွန်းအားပေးရမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ယူတဲ့အချိန်မှာ လွှတ်တော်ရဲ့ အခန်းကဏ္ဍကနေ ဆောင်ရွက်သွားမှာပါ။ မီဒီယာသမားတွေအနေနဲ့လည်း ကျွန်တော်တို့ဆောင်ရွက်မှုအားနည်းလာရင်လည်း ကျွန်တော်တို့ကို ဝေဖန်လို့ရပါတယ်။ ကျွန်တော်တို့တတ်နိုင်သမျှ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေအတွက် ကြိုးစားသွားမှာပါ။ အကောင်းဆုံးဖြစ်အောင်လည်း ဆောင်ရွက်သွားမှာပါ။

ကျွန်တော်တို့ကော်မတီကတော့ အစိုးရက တာဝန်ခံထားတဲ့ လွှတ်တော်ထဲမှာ ဘာတွေလုပ်မယ်၊ ဘာတွေ ဆောင်ရွက်မယ်ဆိုတာတွေနဲ့ **စာမျက်နှာ ၁၁ သို့ »»**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ သဝဏ်လွှာတစ်ခုမှတ်တမ်းတင်ခြင်း၊ ကော်မတီနှစ်ခုနှင့် ကော်မရှင်တစ်ခုဖွဲ့စည်းကြောင်းကြေညာခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်က ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် နောင်ချို မဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်နှင့် အဖွဲ့ဝင် (၁၃)ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်(၁၃)ဦးတို့၏အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်၏အတည်ပြုချက်ရယူပြီး ပြည်သူ့ဌေစာရင်း ကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းကော်မတီဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီကိုအဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းကြောင်းနှင့် ကော်မရှင်တွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မရှင်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်ကိုအဖွဲ့ဝင် (၂၄) ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မရှင် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်တို့အား တာဝန်ပေးအပ်ကြောင်းနှင့် ကော်မရှင်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

(သတင်းစဉ်)

> **ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ဌေစာရင်းကော်မတီဖွဲ့စည်းကြောင်း ကြေညာ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြ။**
>
> **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် တို့ ပါဝင်သော အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်။**

အမျိုးသားလွှတ်တော်အစည်းအဝေး

ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ဌေစာရင်းကော်မတီများ ဖွဲ့စည်းကြောင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ဌေစာရင်း ကော်မတီများဖွဲ့စည်းကြောင်းကြေညာခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဥာဏစိုးနှင့် အဖွဲ့ဝင်(၁၃)ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း လွှတ်တော်၏အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်နှင့် အဖွဲ့ဝင်(၁၃)ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်သူ့ဌေစာရင်းကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်နှင့် ကော်မတီအတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

> **အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ဌေစာရင်းကော်မတီဖွဲ့စည်းကြောင်း ကြေညာ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြ။**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် မီးဘေးသင့်ပြည်သူများကိုးကွယ်ရန် ဗုဒ္ဓရုပ်ပွားတော်များပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးနေမှုအခြေအနေများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

မီးဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မီးဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားတော်များ၊ ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သာသနာ့ဟိတကာရီခမ္မာရုံ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နမ့်ဆန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

နမ့်ဆန်ခရီးစဉ်တွင် နိုင်ငံတော်သမ္မတက မီးဘေးသင့်ပြည်သူများ လတ်တလော ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ယာယီနေထိုင်ရန်နေရာများကို အမြန်ဆုံးဖြည့်ဆည်းပေးရန်၊ ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် တပ်မတော်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဆောင်ရွက်ပေးနေပြီဖြစ်သည့်အတွက် ရောက်ရှိလာသည့်ပစ္စည်းများကို စနစ်တကျ လက်ခံထိန်းသိမ်းဖြန့်ဝေပေးရန်၊ စာမေးပွဲနီးကပ်နေသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အပြင် ဆရာ ဆရာမများကလည်း အချိန်ပိုသင်ကြားပို့ချပေးရန်၊ မီးကြွင်းမီးကျန်များ ငြိမ်းသတ်နိုင်ရေးအတွက် အခြားဒေသများမှ ရောက်ရှိလာသည့် မီးသတ်ယာဉ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ မီးလောင်ကျွမ်းမှုဖြစ်စဉ်မှ သင်ခန်းစာဖော်ထုတ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ မီးဘေးသင့်ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ မှန်ကန်ပြည့်စုံအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ရပ်ကွက်ခြောက်ခု၊ အိမ်ခြေ ၇၉၁ လုံး၊ အိမ်ထောင်စု ၈၇၁ စုရှိပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်မှ ယနေ့နံနက် ၆ နာရီခန့်အထိ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့တွင် မီးလောင်ကျွမ်းခဲ့ရာ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းအရ အိမ်ခြေ ၂၈၀၊ အိမ်ထောင်စု ၃၀၀ မှ လူဦးရေ ၁၅၀၀ ကျော် မီးဘေးသင့်ခဲ့သည်။

အဆိုပါ မီးလောင်မှုကို နမ့်ဆန်မြို့နယ်မှ မီးသတ်ယာဉ်လေးစီး၊ မန္တလေးမြို့နယ်မှ မီးသတ်ယာဉ်ခြောက်စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီး၊ မန်တုံမြို့နယ်မှ မီးသတ်ယာဉ်ခွန်စီး၊ လားရှိုးမြို့နယ်မှ မီးသတ်ယာဉ်လေးစီး၊ ကျောက်မဲမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ သီပေါမြို့နယ်မှ မီးသတ်ယာဉ်ခွန်စီး၊ နမ္မတူမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ မန်စံမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ၂၁ စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မီးကြွင်းမီးကျန်များ ဆက်လက်ငြိမ်းသတ်လျက်ရှိသည်။

အဆိုပါမီးလောင်သည့်ရပ်ကွက်များအတွက် နိုင်ငံတော်အစိုးရအဖွဲ့မှ ဆန်အိတ်တစ်ထောင်၊ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းနှင့် ဆယ်တန်း ကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် နိုင်ငံတော်သမ္မတခရီးစဉ်တွင် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် နမ့်ဆန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

စေတနာ့ဝန်ထမ်းများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် အမှတ် ၅ ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်းတွင် မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကား ပြောကြားပြီး အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ရပ်မိရပ်ဖ ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားသည်။

ယနေ့အထိ လပွတ္တာမြို့ အမှတ် ၁ ရပ်ကွက်၊ ၄ ရပ်ကွက်၊ ၅ ရပ်ကွက် မီးဘေးသင့်ပြည်သူများအား နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်ကုမ္ပဏီများမှ ထောက်ပံ့လှူဒါန်းသည့် ငွေသားကျပ် ၃၃၅၄၉၄၂၀၀ နှင့် ငွေကျပ် ၄၀၅၂၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများအား ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း လပွတ္တာမြို့၊ မီးဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း လပွတ္တာမြို့၊ မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၅

နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အလှူငွေကျပ် ၁၀၀၀၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်သို့လည်းကောင်း၊ ဦးရာဇာထွန်း လှိုင်သာယာမြို့နယ် ရန်ကုန်မြို့မှ အလှူငွေကျပ် ၂၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစာရင်းအမှတ် (OA-011834) သို့ တိုက်ရိုက်ထည့်သွင်းခြင်းဖြင့်လည်းကောင်း အသီးသီးလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရုံး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

စဉ်	ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံး	ဖုန်း	လိပ်စာ
၁	ညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၄၀၅၀ ၀၉-၈၆၀၀၀၂၅	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂	ဒုတိယညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၄၀၄၈ ၀၉-၈၆၀၁၁၆၅	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
၃	ညွှန်ကြားရေးမှူး (စီမံ-ဘဏ္ဍာ)	၀၆၇-၄၀၄၃၁၆ ၀၉-၂၀၂၁၄၉၁	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
၄	ညွှန်ကြားရေးမှူး (ကယ်ဆယ်ရေး)	၀၆၇-၄၀၄၃၁၈ ၀၆၇-၄၀၄၄၂၀ ၀၉-၄၃၁၂၀၈၆၅ ၀၉-၄၂၈၁၅၀၂၃	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
၅	နေပြည်တော်ကောင်စီနယ်မြေ တိုင်းဦးစီးမှူးရုံး	၀၆၇-၅၅၀၂၈၄ ၀၉-၂၆၂၆၉၀၀၃၃	နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် ကွင်းအမှတ်(၁၂)၊ နေပြည်တော်
၆	ကချင်ပြည်နယ်ဦးစီးမှူးရုံး	၀၇၄-၂၄၀၁၅ ၀၇၄-၂၁၈၂၂ ၀၉-၄၇၀၂၄၁၄၂	ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တပ်ကုန်း၊ ဒေင်ရပ်ကွက်၊ မြစ်ကြီးနားမြို့
၇	ကယားပြည်နယ်ဦးစီးမှူးရုံး	၀၈၃-၂၂၀၇၉ ၀၈၃-၂၃၁၃၀ ၀၉-၄၉၄၀၀၉၅၃	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၁၄/ခ) သမိန်ထောလမ်း၊မင်းစုရပ်ကွက်၊ ပြည်နယ်တရားရုံးကျောဘက်၊ လွှိုင်ကော်မြို့
၈	ကရင်ပြည်နယ်ဦးစီးမှူးရုံး	၀၅၈-၂၂၄၅၅ ၀၅၈-၂၃၃၉၈ ၀၉-၄၉၇၇၁၄၄၄	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ လုပ်သားလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့
၉	ချင်းပြည်နယ်ဦးစီးမှူးရုံး	၀၇၀-၂၁၇၆၈ ၀၉-၃၃၃၄၇၈၄၀ ၀၉-၄၇၁၇၂၂၉၅	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အမှတ်(၁)၊ ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်၊ ဟားခါးမြို့
၁၀	စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၇၁-၂၃၂၂၁ ၀၇၁-၂၆၅၀၈ ၀၉-၄၇၀၉၃၄၈၀	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ နန္ဒဝန်ရပ်ကွက်၊ တိုင်းရုံးပေါင်းစုံ၊ မုံရွာတက္ကသိုလ်အနီး၊ မုံရွာမြို့
၁၁	တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၅၉-၂၄၀၂၀ ၀၅၉-၂၃၅၇၆ ၀၉-၄၉၈၅၂၈၀၈	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အာဇာနည်လမ်း၊ ဗျောတောဝရပ်ကွက်၊ (ရယကရုံးရှေ့)၊ ထားဝယ်မြို့
၁၂	ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၅၂-၂၂၃၀၃၆၁ ၀၅၂-၂၂၃၀၁၉၃ ၀၉-၄၃၀၅၄၂၆၁	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ သမိန်ဗရမ်းလမ်းမကြီး၊ အမှတ်(၇) ဂိုဒေါင်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ နှစ်ရှည်ရုံးဘေး၊ ပဲခူးမြို့
၁၃	မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၆၃-၂၅၉၅၀ ၀၆၃-၂၈၆၀၁ ၀၉-၄၇၂၀၂၉၂၉	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အမှတ်(၉၄၈)၊ ဘိုးရတနာရေသန့်စက်ရုံလမ်း၊ ဇက်ဆိပ်လမ်းနှင့် (၁၆)လမ်းကြား၊ အောင်မေတ္တာ (က)ရပ်ကွက်၊ မကွေးမြို့
၁၄	မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၂-၃၉၄၅၅၃ ၀၂-၆၇၄၇၀ ၀၉-၄၃၁၂၀၈၆၇	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အမှတ်(၆၄×၆၅)၊ (၃၄×၃၅)ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်
၁၅	မွန်ပြည်နယ်ဦးစီးမှူးရုံး	၀၅၃-၂၄၈၂၅ ၀၅၃-၂၄၂၉၆ ၀၉-၄၉၈၀၅၁၁၉၉	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၇၂)၊ တောင်ပေါ်လမ်းနှင့် ဆည်မြောင်းလမ်း ထောင့်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်
၁၆	ရခိုင်ပြည်နယ်ဦးစီးမှူးရုံး	၀၄၃-၂၃၀၆၉ ၀၄၃-၂၂၉၀၃ ၀၉-၄၉၆၅၀၉၁၀ ၀၉-၅၆၈၀၄၆၅	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တက္ကသိုလ်လမ်း၊ တက္ကသိုလ်ဆရာ/ဆရာမများ အဆောင်ရှေ့၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့
၁၇	ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၁-၅၂၁၉၆၇ ၀၁-၆၆၁၈၁၂ ၀၁-၆၅၁၀၈၉ ၀၁-၅၆၄၆၈၉ (တောင်ဥက္ကလာပ ရုံး) ၀၉-၇၃၁၀၄၆၉၃	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ကုန်သွယ်လယ်ယာ ဂိုဒေါင်ဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
၁၈	ရှမ်းပြည်နယ်ဦးစီးမှူးရုံး	၀၈၁-၂၀၈၃၂၂ ၀၉-၅၂၁၄၃၃၅	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အကွက်အမှတ်(၅၄)၊ စုပေါင်းရုံးရပ်၊ ရပ်ကွက်(၃)၊ နယ်မြေ(၁)အေးသာယာ၊ တောင်ကြီးမြို့
၁၉	ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး	၀၄၂-၂၁၀၆၁ ၀၄၂-၂၅၀၁၄ ၀၉-၄၉၀၀၀၂၉၀	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ဘန့်ဘွေးကုန်းသိုလှောင်ရုံဝင်းအတွင်း၊ ဘန့်ဘွေးကုန်းရပ်၊ ပုသိမ်မြို့

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နှင့် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးပို့လျှုဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နှင့် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးပို့လျှုဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လျှုဒါန်းလျက်ရှိရာ ယနေ့တွင် နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အလှူငွေကျပ် သိန်း ၉၀၀ နှင့် အသင့်စားခေါက်ဆွဲခြောက် တစ်ပုံးလျှင် အထုပ် ၂၀ ပါ Samyang ခေါက်ဆွဲခြောက် ပုံး ၁၀၀ ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ Disaster-Kit အရေးပေါ်သုံးဆေးကုသရေး ဆေးပုံး ၂၀ ကိုလည်းကောင်း၊ နယ်စပ်ရေရာဝန်ကြီးဌာနမှ ဆွယ်တာအင်္ကျီလက်ရှည် အမျိုးသမီးအဝတ်အထည် ၃၀၊ ဘောင်းဘီတို(သက္ကလပ်) အမျိုးသမီးဝတ်အထည် ၅၀၊ ဂျင်းဘောင်းဘီတို ၅၅ ထည်၊ အင်္ကျီလက်ရှည် အမျိုးသမီးဝတ်အထည် ၂၁၀၊ အင်္ကျီလက်တို အမျိုးသမီးဝတ် ၁၇၉ထည်၊ စကတ်တိုနှင့် ဘောင်းဘီကျပ်(one set) ၅၁ ထည်၊ စကတ်အထည် ၅၀၊ ဂျင်းပင်အမျိုးသမီးဝတ် ၁၅၉ထည်၊ ဘောင်းဘီရှည်အထည် ၄၀၊ ဘောင်းဘီရှည် ၅၉ ထည်၊ ဂါဝန် ၃၇ ထည်၊ အနွေးထည် အမျိုးသမီးဝတ် ခုနစ်ထည်၊ အနွေးထည် အမျိုးသားဝတ် ၁၀ ထည်၊ အနွေးဘောင်းဘီရှည် အထည် ၅၀၊ ဘောင်းဘီရှည် အမျိုးသားဝတ် အထည် ၁၁၀၊ အမျိုးသားဝတ် ဂျင်းဘောင်းဘီရှည် ၂၅ ထည်၊ ဆိုလာလက်ဆွဲ မီးအိမ်အလုံး ၄၀၀ ပါ ရှစ်ပုံး၊ ဒန်အိုးခြောက်လုံးစုံပါ အစုံ ၁၀၀ ရှစ်အိတ်တို့ကိုလည်းကောင်း သက်ဆိုင်ရာမှတစ်ဆင့် ပေးပို့လျှုဒါန်းခဲ့ကြသည်။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Disaster-Kit အရေးပေါ်ကုသရေးသုံးဆေးပုံး ၂၀ တို့ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် ဇနီးတို့က နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ဆီပိသာ ၁၁၀၀ တို့အားလည်းကောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအတွက် ရေသန့်ဆေးပြား စ၀၀၀၀၊ Family-Kit အထုပ် ၆၀၀၊ လက်ဆွဲဆိုလာမီးအိမ် ၁၀၀စ ခု၊ ရေသန့် တစ်လီတာဘူး ၂၃၃၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၂၃၆၀၊ အနွေးထည် ကိုးဖာ၊ မျှင်ငါးပိ ပိသာ ၁၀၀၊ ငါးတံခွန်ခြောက်ပိသာ ၁၀၀၊ တဘက် ၂၀၊ အမျိုးသမီးဝတ် ၄၁၆ ထည်၊ ကလေးဝတ် ၆၃ ထည်ကို လည်းကောင်း။

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ရေသန့်ဆေးပြား စ၀၀၀၀၊ Family-Kit ထုပ် ၅၀၀၊ နေရောင်ခြည်သုံးမီးအိမ် အစုံ ၇၀၀၊ ဘေထုပ်ငါးထုပ်၊ ခေါက်ဆွဲခြောက် ၁၂၈၅ ထုပ်၊ခေါက်ဆွဲခြောက်ဖာကြီးခြောက်ဖာ၊ ခေါက်ဆွဲဖာ ကိုးဖာ၊ ကိတ်မုန့်/ပေါင်မုန့်ထုပ် ၁၃၀၀၊ ရေသန့် တစ်လီတာဘူး ၁၄၀၀၊ ရေဘူး လုံး ၃၀၀၊ ဦးဂျမ်းပုဆိုး ၃၇ ထည်၊ လုံချည် ၄၀၊ ငါးခြောက်စုံ ၇၅ ပိသာ၊ ကြာဆံအိတ်ကြီး ခြောက်ထုပ်၊ ကြာဆံအိတ် သေးထုပ် ၁၀၀၊ ဆီ ၃၀ ကျပ်သားဘူး ၂၅၀၊ ငါးသေတ္တာဘူး ၂၀၀၊ ဆန်အိတ် ၃၀ တို့ကိုလည်းကောင်း ပေးပို့လျှုဒါန်းသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် စောင်အိတ် အကြီးကိုးအိတ်၊ စောင်အိတ်အသေး ၂၉ အိတ်၊ လက်ဆွဲအိတ်အသေး ၁၅ အိတ်ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အလှူငွေကျပ် ခြောက်သိန်းကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စောင်ထူ (စစ်စိမ်း) အထည် ၂၅၀ ပါ လေးထုပ်ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ဘုရားဆင်းတုတော်များ၊ မိသားစု ငါးဦးသုံးကြွေရည်စိမ်ပစ္စည်းစုံ ၈၀၊ ခေါက်ဆွဲခြောက် ဖာ ၁၀၀၊ အမျိုးသမီးလုံချည် ငါးအိတ်တို့ကိုလည်းကောင်း နိုင်ငံတော်သမ္မတခရီးစဉ်နှင့် အတူ လေယာဉ်ဖြင့် ပေးပို့လျှုဒါန်းခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနရှိ(အမ်အီးစီ)မှ ခေါက်ဆွဲခြောက် ခြောက်ဖာ ခြောက်ဆွဲ၊ အဝတ်အစားထုပ် ၁၀ထုပ်၊ ပစ္စည်းစုံ ၉၆ ပုံး၊ ဒန်အိုးရှစ်ထုပ်တို့အား Mi-17 ရာဟတ်ယာဉ်နှစ်စင်းဖြင့် နမ့်ဆန်မြို့သို့ ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

☆ မီးဘေးသင့်မှ

အစီအစဉ်ဖြင့် မီးဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ၊ အနွေးစောင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် တပ်မတော်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယပိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေလေ) မိသားစုများက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပို့ဆောင်သည့် တပ်မတော်ရဟတ်ယာဉ်များနှင့်အတူ နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယပိုလ်ချုပ်ကြီးရာပြည့်နှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ ရိပ်သာ ဧည့်ခန်းမဆောင်၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကိုတွေ့ဆုံပြီး မီးလောင်ကျွမ်းမှုအခြေအနေများကို မေးမြန်းကာ မီးဘေးသင့်ပြည်သူများ စနစ်တကျ စားသောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး နမ့်ဆန်မြို့အတွင်း မီးလောင်ကျွမ်းမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် ဒေသဦးစီးအဖွဲ့ရုံးနှင့် မြို့မဂိုဏ်းချုပ်ဆရာတော်ကျောင်းသို့ သွားရောက်၍ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ လတ်တလော စားဝတ်နေရေးအဆင်ပြေစေရေး ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး တပ်မတော် (ကြည်း၊ ရေလေ)မိသားစုများက လှူဒါန်းသော လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများ အသုံးပြုရန်အတွက် လားရှိုးမြို့သို့ တပ်မတော်(ကြည်း၊ရေလေ)မိသားစုများက လှူဒါန်းသည့် ပစ္စည်းစုံပုံး ၁၂၁ ပုံး၊ ခေါက်ဆွဲခြောက် ၃၆ ဖာ၊ အဝတ်ထုပ် ၁၀ ထုပ်နှင့် မီးဖိုချောင်သုံးဒန်အိုးဒန်ခွက်အရွယ်မျိုးစုံ အလုံး ၃၉၀တို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့်လည်းကောင်း၊ အနွေးစောင်အထုပ်ကြီး လေးထုပ်၊ ဝန်ကြီးဌာနများက ပေးပို့လျှုဒါန်းသည့် ဆေးဝါးမျိုးစုံ ဖာ ၂၀၊ အဝတ်အထည်မျိုးစုံ ၄၅ အိတ်၊ မိသားစုသုံးပစ္စည်း ၃၂ ထုပ်၊ အနွေးစောင် ကိုးအိတ်နှင့် အလှူငွေကျပ် ၃၆ သိန်းတို့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်မှ တပ်မတော်လေယာဉ်ဖြင့်လည်းကောင်း၊ အနွေးစောင်အထုပ်ကြီး ၃၃ ထုပ်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့်လည်းကောင်း ပေးပို့လျှုဒါန်းခဲ့သည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ရေလေ) မိသားစုများက လှူဒါန်းသည့် ခေါက်ဆွဲခြောက်ထုပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများပါရှိသည့် အထုပ်ကြီး ခြောက်ထုပ်၊ ဆပ်ပြာ ၇၅ ဖာ၊ အဝတ်အထည် ၁၀ ထုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သည့် ဆေးဝါးပစ္စည်းမျိုးစုံ ဖာ ၂၀ တို့ကို ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ် နှစ်စင်းဖြင့် လပွတ္တာမြို့နှင့် ပုသိမ်မြို့တို့သို့ အသီးသီးပို့ဆောင်ပေးခဲ့သည်။ တပ်မတော်အနေဖြင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် မြို့များမှ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

နမ့်ဆန်မီးဘေးဒုက္ခသည်များအတွက် ထောက်ပံ့လှူဒါန်း

နမ့်ဆန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မီးလောင်ကျွမ်းမှုကြောင့် မီးဘေးဒုက္ခသည်များဖြစ်ခဲ့ရသည့် ပြည်သူများအတွက် လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့် ရပ်နီရပ်ဝေးမှ အလှူရှင်များက ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ကူညီလျက်ရှိသည်။

နမ့်ဆန်မြို့မှ မီးဘေးဒုက္ခသည်မိသားစုများ လတ်တလော စားသုံးနိုင်ရန်အတွက် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တပညာနန္ဒက ခေါက်ဆွဲခြောက်ဖာ ၅၅ ဖာ ကို ဖေဖော်ဝါရီ ၅ ရက် နံနက်က ပေးအပ်ခဲ့သည်။ ဆက်လက်၍ မန်ဆူရှမ်းကျောင်းဆရာတော်ထံ ရပ်ဝေးရပ်နီးမှ အလှူရှင်များက အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့လျှုဒါန်းလျက်ရှိရာ ဆရာတော်၏ အစီအစဉ်ဖြင့် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို နမ့်ဆန်မီးဘေးဒုက္ခသည်များထံ အရောက်ပေးပို့သွားမည်ဟု ဆရာတော်ကမိန့်ကြားသည်။ **(သီပေါကိုလတ်)**

ပြုန်းယ်အချို့ ရေပေးဝေမှုပြတ်တောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီတွင် လှော်ကားရေလှောင်ကန်မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေသည့် လှော်ကားရေတွန်းစက်ရုံ၏ Control Cable နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များဖြစ်ပေါ်၍ ပြုပြင်မှုများ အမြန်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီအထိ လှော်ကားရေလှောင်ကန်မှ ရေပေးဝေသည့် အင်းစိန်၊ မရမ်းကုန်း၊ လှိုင်သာယာ၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွှန့်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ပန်းဘဲတန်းမြို့နယ်များတွင် ရေပေးဝေမှုပြတ်တောက်ခြင်း၊ ရေအားလျော့နည်းခြင်းများ ဖြစ်ပေါ်မည်ဖြစ်ပါကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က အသိပေးထားသည်။ **(ကြေးမုံ)**

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ဆောင်ရွက်လျက်ရှိ

လပွတ္တာ ဖေဖော်ဝါရီ ၅

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ကူညီလျက်ရှိရာ လပွတ္တာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့နှင့် ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလှူရှင်များကလည်း ဆန်နှင့် ဆေးဝါးများ၊ သောက်ရေသန့်ဘူးများ၊ စားသောက်စရာနှင့် အဝတ်အထည်များကို လာရောက်ပေးအပ်လှူဒါန်းလျက်ရှိရာ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သော တပ်မတော်ဆေးတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ရောသီရိ သဲလမ်းမှ မီးစတင်လောင်ကျွမ်းခဲ့ရာ နံနက် ၂နာရီခန့်က မီးညှိုးကျိုးခဲ့ပြီး အိမ်ခြေ ၁၇၉ လုံး မီးဘေးသင့်ခဲ့ကာ အိမ်ထောင်စု ၁၉၅ စုတို့မှ မီးဘေးသင့်ပြည်သူများကို လပွတ္တာမြို့ လေးထပ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ လိုအပ်သောကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပြည်တွင်းရေးရာ

»» စာမျက်နှာ ၆ မှ

ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်းတွေ မေးတယ်။ ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်နှစ်မှာ လျာထားတယ်။ ဘယ်နှစ်ထဲမှာ အပြီးဆောင်ရွက်ပါမယ်။ ဒီလိုမျိုးကတိတွေ ပေးသွားတယ်။ အဲဒီပေးထားတဲ့ကတိတွေ တည်၊ မတည်၊ တကယ်ဆောင်ရွက်မှုရှိ၊ မရှိဆိုတာတွေကို စိစစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေက ဆောင်ရွက်မှုမရှိဘူးဆိုရင် လွှတ်တော်ထဲမှာခေါ်ပြီး ကြားနာမှုတွေ လုပ်ရမှာပါ"ဟု နောက်အစိုးရလက်ထက်တွင် ဆောင်ရွက်မည့်လုပ်ငန်းများတွင် တာဝန်ယူမှုအပြည့်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ခေါင်းဆောင်အနေနဲ့ကလည်း အကျင့်ပျက်ခြစားမှုတွေနဲ့ ပတ်သက်လာရင် လုံးဝမကြိုက်ဘူး။ နံပါတ်တစ်အချက်က ပြည်သူ့ရဲ့ဘဏ္ဍာငွေတွေကို အဟောသိကံလုပ်ပစ်တာမျိုးတွေ အဂတိလိုက်စားမှုတွေ ရှိနေတာမျိုးတွေဆိုရင် မဖြစ်ရပါဘူး။ အဲဒါတွေကို ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ ပွင့်လင်းမြင်သာမှုရှိအောင် ထောက်ပြသွားမှာပါ"ဟု ဦးသိမ်းဆွေက ဆက်လက်ပြောကြားသည်။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် သူရဦးရွှေမန်းအား ဥက္ကဋ္ဌအဖြစ် လွှတ်တော်သို့ အမည်စာရင်းတင်သွင်းခြင်းနှင့် ပတ်သက်၍ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက "သူရဦးရွှေမန်းဟာ ငါးနှစ်လုံးလုံးဦးဆောင်ပြီး လုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဟာ ပထမအကြိမ်လွှတ်တော်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ငါးနှစ်မှာ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက အခုဒီကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ်ပြန်လည်ထမ်းဆောင်ခြင်းဟာ နိုင်ငံတော်အတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်အတွက်လည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ အရင်လွှတ်တော်ကိုယ်လှယ်စားလှယ်ဟောင်းများဟာ ပြီးခဲ့တဲ့ ငါးနှစ်လုံးလုံး တာဝန်ကိုယ်စီအင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် အတွေ့အကြုံကောင်းများစွာရရှိပြီးသူတွေလည်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဟောင်းတွေရဲ့ လွှတ်တော်သက်တမ်းတစ်ခု ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံရဲ့တန်ဖိုးက အလွန်အင်မတန်မှ ကြီးမားပါတယ်။ အဲဒါကြောင့် ဒုတိယအကြိမ် လွှတ်တော်မှာ ဝိုင်းဝန်းကူညီပြီး အားဖြည့်ပေးတဲ့ သဘောဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက "အမျိုးသားနိုင်ငံရေးအတွက်လုပ်တာပါ။ အစိုးရအဖွဲ့အတွက်ဆိုပြီးလုပ်ခဲ့တာမရှိပါဘူး။ ပြီးခဲ့တဲ့ ငါးနှစ်လုံးလုံးမှာ လွှတ်တော်ကိုယ်စားလှယ်စလုပ်ကတည်းက ဘယ်ကိစ္စမဆို အားလုံးတက်တက်ကြွကြွနဲ့ ဝိုင်းဝန်းဆောင်ရွက်ခဲ့တာပါ။ လာမယ့်ကာလမှာ ပြီးစီးခဲ့တဲ့ဥပဒေတွေအပြင် မပြီးသေးတဲ့ ဥပဒေတွေ အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်ဦးစီးပြီးလုပ်ခဲ့တဲ့ HIV Law ဟာ ကျွန်တော့်လက်ထဲမှာ အသင့်ရှိနေပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ထဲမှာ HIV Law ပေါ်လာဖို့ ဆောင်ရွက်ဖို့ရှိပါတယ်။ ဥပဒေတစ်ခုဆိုတာဟာ အမြဲတမ်းတည်မြဲတဲ့အရာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်တုန်းက မှားတယ်လို့ ယူဆပြီး ပြင်လိုက်တဲ့ ဥပဒေတွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီအရွှေ့ကြောင့် ၂၀၁၅ ခုနှစ်မှာ မှန်ကောင်းမှန်နိုင်ပါတယ်။ ဒါတွေကို အမြဲတမ်းလေ့လာဆန်းစစ်သုံးသပ်နေမှ လက်ရှိအခြေအနေနဲ့ ဥပဒေတစ်ထပ်တည်းကျမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဥပဒေက တခြား၊ ပြည်သူက တခြား ထပ်တူမကျဘူးဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ လုပ်ငန်းတာဝန်ဟာ အလွန်ကြီးမားပါတယ်။

နောင်တာဝန်ယူမည့် အစိုးရလက်ထက်မှာ ယခင်အစိုးရလက်ထက်ကလိုပဲ တာဝန်ပေးတဲ့အတိုင်း တာဝန်ကျေကျေထမ်းဆောင်သွားမှာပါ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရွှေ့ဟာ ၂၀၁၀ နဲ့ ၂၀၁၅ မတူပါဘူး။ ယနေ့ ဒီမိုကရေစီတကယ်ဖြတ်သန်းလာတဲ့ငါးနှစ်မှာ ပါတီအသီးသီးမှာ ပါဝင်တဲ့ ကိုယ်စားလှယ်တွေက ညီအစ်ကို မောင်နှမတွေပဲဖြစ်ပါတယ်။ အားလုံးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်တဲ့လုပ်ငန်း၊ ဦးတည်ချက်၊ ရည်မှန်းချက်တွေက အတူတူပါပဲ။ နိုင်ငံတကာမှာလည်း ပါလီမန်အတွင်းမှာ ငြင်းခုံဆွေးနွေးကြပေမယ့် အပြင်မှာ ညီအစ်ကိုလိုပဲ နေထိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြတာတွေ့ရပါတယ်။ လွှတ်တော်ထဲမှာငြင်းခုံဆွေးနွေးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားနိုင်ငံရေးနဲ့ ပတ်သက်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ယနေ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးစီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းရေးအတွက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းရန် အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ဒသမအကြိမ် အမျိုးသားအဆင့် ဆေးပညာသင်ကြားရေးဆိုင်ရာညီလာခံအကြို ဆေးပညာသင်ကြားရေး အစုအဖွဲ့ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

အမျိုးသားပညာရေး ဥပဒေ၊ ပုဂ္ဂလိကပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေတို့နှင့် အညီ လွှတ်လပ်၍ နိုင်ငံတကာအဆင့်မီသော ဆေးပညာသင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေပြည်တော်၌ကျင်းပမည့် ဒသမအကြိမ် အမျိုးသားအဆင့် ဆေးပညာသင်ကြားရေးဆိုင်ရာ ညီလာခံအကြို ဆေးပညာသင်ကြားရေး အစုအဖွဲ့(Medical Syndicate) ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဇင်သန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်(၁/၂)(ရန်ကုန်)၊ ဆေးတက္ကသိုလ်(မန္တလေး/မကွေး/တောင်ကြီး)နှင့် တပ်မတော်ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဂုဏ်ထူးဆောင်ပါမောက္ခများ၊ဆေးဘက်ဆိုင်ရာ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဆေးတက္ကသိုလ်ဝင်ခွင့်၊ ဘွဲ့ကြို/ဘွဲ့လွန်သင်ရိုးညွှန်းတမ်းပြင်ဆင်ရေး၊ ဆေးတက္ကသိုလ်များ၏ နိုင်ငံတကာဆက်ဆံရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍများနှင့် နှီးနွယ်ဆက်ဆံရေး၊ E-Library နှင့် IT ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ Clinical Skill Laboratory နှင့် သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးတက္ကသိုလ်များ၏ ဖွဲ့စည်းပုံနှင့် အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးပညာတတ်ကျွမ်းကျင်ပုဂ္ဂိုလ်ဘဲ့ လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development - GSAD)တွင် နိုင်ငံဝန်ထမ်း အရာထမ်းများအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ယခုနှစ် မတ်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှတစ်ဆင့် ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများမှာ Postgraduate Diploma in Public Policy and Administration (PG Dip in PPA) (Full-Time/ Part-Time), Postgraduate Diploma in Development Planning and Practice (PG Dip in Dev Pln & Pract) (Full- Time/ Part-Time), Postgraduate Diploma in International Economic Relations and Development(PG Dip in IERD) (Part-Time)နှင့် Postgraduate Diploma in Statistics (PG Dip in Stats) (Part-Time) တို့ဖြစ်ကြောင်း။

(PG Dip in PPA)နှင့် (PG Dip in Dev Pln & Pract) သင်တန်းများအား အချိန်ပြည့် (Full Time)နှင့် အချိန်ပိုင်း(Part-Time) ခွဲခြားပို့ချမည်ဖြစ်ရာ အချိန်ပြည့်(Full- Time)သင်တန်းသို့ ဒုတိယဦးစီးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အချိန်ပိုင်း(Part-Time) သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ တက်ရောက်နိုင်ပြီး အချိန်ပိုင်းဖွင့်လှစ်မည့်(PG Dip in IERD နှင့် PG Dip in Stats) သင်တန်းများသို့ ဒုတိယဦးစီးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ တက်ရောက်နိုင်ကြောင်း။

အဆိုပါ သင်တန်းများအတွက် လျှောက်လွှာပုံစံကို အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ရာဇသင်္ဘာလမ်း ဥတ္တရသီရိမြို့နယ် နေပြည်တော်၌ ဖေဖော်ဝါရီ ၂ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး ဦးကြည်မြင့် ဖုန်း-၀၉-၇၉၆၁၃၅၅၀၄၇၊ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း- ၀၆၇-၄၁၈၃၉ နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့် ဖုန်း-၀၆၇-၄၁၈၃၅ တို့ထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

Asian Tour & Japan Tour၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ကာ ရွှေင်ရယ်မင်္ဂလာဒုံဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီက ကြီးမှူး၍ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးကာယကြံ့ခိုင်မှု(အလွတ်တန်း) ပြိုင်ပွဲတွင် ပထမဆုရ မဇင်မာ (မ/၁ဂုဏ်)အား ဆုရရှိပြီး နောက် တွေ့ရစဉ်။

(ကြေးမုံ)

ဒုတိယနေ့ပွဲစဉ်များတွင် တစ်ချက်တည်းကျင်းဝင်သည့် ကစားသမားပေါ်ထွက်ခဲ့ပြီး ဖိလစ်ပိုင်ဂေါက်သီးရိုက်ကစားသမား ဖရန်ကီမီဒိုဇာက ကျင်းအမှတ်(၁၃)တွင် တစ်ချက်တည်းကျင်းဝင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့ပွဲစဉ်များအပြီးတွင် Shaun Norris(တောင်အာဖရိက)နှင့် Chawrasia (အိန္ဒိယ)တို့က သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ ထိပ်ဆုံးတွင်ဦးဆောင်လျက်ရှိသည်။ Sam Brazel (ဩစတြေးလျ)၊ Rashid Khan(အိန္ဒိယ)တို့က သတ်မှတ်ချက်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ထားပြီး Jeunghun Wang (တောင်ကိုးရီးယား)၊ Yikeun Chang (တောင်ကိုးရီးယား)နှင့် Azuma Yano(ဂျပန်)တို့က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ထားသည်။

Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစား၀ါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(ရွှိုင်းထက်ဇော်)

ပုဂံ-မန္တလေး ရထား လူစီးနည်း

ပုဂံ ဖေဖော်ဝါရီ ၅

ခရီးသွားလာမှုနည်းပါးနေ၍ ပုံမှန် ၄ တွဲပြေးဆွဲနေသော ပုဂံ-မန္တလေး အမြန်ရထားမှာ ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ တွဲဆိုင်းတစ်ဆိုင်းလျှော့ကာပြေးဆွဲနေရကြောင်း နွားထိုးကြီးရုံပိုင်က ပြောသည်။

သို့သော်လည်း မန္တလေး-ပုဂံ လော်ကယ်ရထားမှာမူ ပုံမှန် ၇ တွဲဖြင့် ဆက်လက်ပြေးဆွဲနေရကြောင်း ဆက်ပြောသည်။ ပြီးခဲ့သော ခြောက်လအတွင်း နွားထိုးကြီးဘူတာရုံတွင် တစ်လသာ လျာထားချက်မီပြီး ကျန်၄၊၅လအနှုန်းပေါ်ခဲ့ကြောင်းတွေ့ရသည်။

ဒေသခံများ၏ ခရီးသွားလာမှုမှာမူ မြန်မာ့မီးရထားကြောင့် အဆင်ပြေပြီး ကားလမ်းမပေါက်သော ရွာများ၏ အားကိုးအားထားရာဖြစ်နေသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ရုပ်မြင်သံကြားအစီအစဉ်များ
[၆ - ၂ -၂၀၁၆ (စနေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	Hyper Sports
၈း၃၅	The Farmer(မိုးလေဝသပညာရှင် ဦးထွန်းလွင်၊ ကွမ်းရွက်စိုက်ပျိုးခြင်း)
၁၀း၃၅	အာရှမြေ့ကျူးကျော်ပေါက်ရောက် လာသည့်အပင်များ
၁၁း၃၅	ချစ်စရာအရွယ်ကစားကြမယ်
၁၂း၃၅	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	တစ်ပတ်အတွင်း လွှတ်တော် သတင်း
၁း၁၅	မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း "တစ်ခိုင်လုံးရွှေအငြိမ့်" (အပိုင်း-၂)
၂း၃၅	ညပိုင်း
၃း၃၅	Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့် မှုအစီအစဉ် (Southern Myanmarအသင်းနှင့် Yadanarbon အသင်း)
၆း၃၅	Budiness News
၇း၁၅	မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "မြပုဏ္ဏမာအငြိမ့်"
၈း၀၀	ပြည်တွင်းသတင်း - ဂီတတံခါးလေးဖွင့်ပါဦး -ပြည့်သူနီတိ "ငါမရှိရင်"

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	အဖွင့် -သီချင်းကြီးပဒေသာ
၆း၂၀	ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "တွယ်ငြိတတ်သည်" (ဒေါ်ခင်ခင်ကြီး၊ မသော်ချစ်၊ အေးမင်းဖြူ၊ ချိုတေးလွင်လွင်၊ ငယ်လေး) ဒါရိုက်တာ -သန့်စင်)
၆း၄၀	ပျော်ရွှင်စေသောနေ့ရက်များ "ချစ်တယ်ဆိုလာထား" (အပိုင်း-၂) (ရန်အောင်၊ မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)
၇း၀၅	ဟိုတုန်းက ကက်ဆက် ဇာတ်လမ်းများ သုံးမည်ရသုံးတွဲ.ခံ(ဇာတ်သိမ်း) (စောမြတ်နိုး၊ ဘလိတ်၊ ထက်နေချမ်း၊ဟိန်းရှိုင်း၊ဧငြိမ်းဖြူ ဒါရိုက်တာ-သီတာလင်း(Laure Art Academy)
၈း၁၅	ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ
၈း၃၀	ပြည်သူနီတိ "ရိုးရိုးကျင့်မြင့်မြင့်ကြ"
၈း၄၅	"ရာမာယဏာဇာတ်တော်ကြီး (ယဉ်ကျေးမှုဝန်ကြီးဌာန) (ဒုတိယပိုင်း)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၂၀	မြန်မာဒီဒီယိုဇာတ်လမ်း "မျှော်လင့်ခဲ့ပါသည်. . သို့သော်" (စိုင်းစိုင်းခမ်းလှိုင်၊ ချစ်သုဝေ) (ဒါရိုက်တာ-သီတာလင်း(Laure Aet Academy)

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀	"Emotion Management & Mindful Compassion တရားပွဲသင်တန်း" (အပိုင်း-၄) တရားတော် [ပါမောက္ခ ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ(အောက်စဖို့ဒ် ဆရာတော်)]
၆း၂၀	တန်ခိုးကြီးမား ဘုရားစေတီ ပုထိုးများ(ထားဝယ်မြို့ရှိ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၄)
၇း၃၀	MRTV-4 သတင်း
၇း၅၀	Cartoon Series (English Playground)
၉း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၃)
၉း၅၅	ခေတ်သစ်ယျိမေ
၁၀း၄၀	Healthy Life (ပန်းလှိုင်စီလုံ့ဆေးရုံကြီး၏ အထွေထွေခွဲစိတ်ကုသမှု အစီအစဉ်)
၁၁း၀၅	Star တို့ရဲ့လက်ရာ
၁၁း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၃+၂၄)
၂း၂၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ရန်ပြယ်နှင်းဆီ (အပိုင်း-၂)]
၃း၃၅	Fashion Week
၄း၅၅	ခေတ်သစ်ယျိမေ
၅း၄၅	Baby On The Way [Korea (Part-1)'
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၅)
၇း၂၀	Let's Talk
၇း၅၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ရန်ပြယ်နှင်းဆီ (အပိုင်း-၃)]
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၄)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၅+၂၆)
၁၀း၅၅	Forever Music Trubute Myo Kyaut Myine Virus 3 64 Bit (အပိုင်း-၁)
၃း၂၅	MRTV-4 Stage
၄း၁၅	World of Knowledge (Highway Through Hell Where My Rotator)

တေလာဆွစ်၏ မိုဘိုင်းဂိမ်းသစ် ဖန်တီး

အမေရိကန် ပေါ့ပ်အဆိုတော် တေလာဆွစ်၏ ပုံရိပ်များဖြင့် ဖန်တီးထားသည့် မိုဘိုင်းဂိမ်းသစ်တစ်ခုသည် မကြာမီ မိုဘိုင်းဂိမ်းလောကအတွင်း ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ဂလူးမိုဘိုင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ယင်းဂိမ်းသစ်ကို တေလာနှင့် ဂလူးမိုဘိုင်းကုမ္ပဏီတို့ ပူးပေါင်းဖန်တီးလျက်ရှိပြီး ယခုနှစ်နှောင်းပိုင်းတွင် စျေးကွက်အတွင်း စတင်ဖြန့်ချိသွားနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း အဆိုပါ နည်းပညာကုမ္ပဏီက ဆိုသည်။

ဟောလိဝုဒ်၏နာမည်ကျော်များဖြစ်ကြသော မော်ဒယ်လ် ကင်မ်ကာဒါးရှီးရန်းနှင့် အဆိုတော် ကတ်တီပယ်ရီတို့၏ မိုဘိုင်းဂိမ်းများကို ဖန်တီးခဲ့သော ဂလူးမိုဘိုင်းက "ယခုဖန်တီးမယ့်မိုဘိုင်းဂိမ်းမှာ တေလာနဲ့သူ့ရဲ့ပရိသတ်တွေက ယခင်ထွက်ရှိခဲ့တဲ့ နာမည်ကျော်တွေရဲ့ ဂိမ်းတွေနဲ့ မတူတဲ့ အတွေ့အကြုံတွေ လိုချင်ကြမယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကုမ္ပဏီအနေနဲ့လည်း ယခင်ဂိမ်းတွေမှာ ဘယ်တုန်းကမှ အသုံးမပြုခဲ့ဖူးသေးတဲ့ ဒီဇိုင်းပုံစံတွေကို အသုံးပြုပြီး တေလာအတွက် သီးသန့်ဖန်တီးမှု တစ်ခုအဖြစ် လုပ်ဆောင်ပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

တေလာဆွစ်၏ ဂိမ်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း ယင်းမိုဘိုင်းဂိမ်းသစ်သည် ကင်မ်ကာဒါးရှီးရန်းနှင့် ကတ်တီပယ်ရီတို့၏ ဂိမ်းများကဲ့သို့ပင် စွန့်စားခန်းအမျိုးအစားဂိမ်းတစ်ခုဖြစ်နိုင်ကြောင်းနှင့် ကာတွန်းရုပ်ပုံများ (သို့မဟုတ်) ရုပ်သံဖန်တီးမှုများဖြင့် ဆန်းသစ်ထားနိုင်ကြောင်း အမ်တီဗွီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အေး ပြည့် - စု စည်း ရေး သား သည်

Grandpas Over Flowers မှ လီစိုးဂျင်နှင့် ချွဲဂျီဝူး။

အချစ်ရေးနဲ့ပတ်သက်တဲ့ ကောလာဟလအပေါ် ငြင်းဆိုလိုက်တဲ့ ချွဲဂျီဝူး

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ချွဲဂျီဝူးဟာ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး မင်းသား လီစိုးဂျင်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်လို့ ဒေသခံမီဒီယာတွေက စွပ်စွဲပြောဆိုကြတဲ့ အပေါ် အဆိုပါသတင်းဟာ ကောလာဟလတစ်ခုသာဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ မိတ်ဆွေတွေသာဖြစ်ကြောင်း ဖေဖော်ဝါရီ ၄ ရက်က ကိုရီးယားတိုင်းမ်သတင်းစာရဲ့ အင်တာဗျူးတစ်ခုမှာ ချွဲဂျီဝူးက ဖြေကြားခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံအစီအစဉ်"Grandpas Over Flowers"မှာ ပါဝင်ရိုက်ကူးခဲ့ရင်းက တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ယင်းအစီအစဉ်ပြီးနောက် ပရိသတ်တွေက သူတို့နှစ်ဦးကို ချစ်သူတွေဖြစ်စေဖို့ တွန်းအားတွေပေးခဲ့ပေမယ့် သရုပ်ဆောင်ဖက်နှစ်ဦးဟာ လက်တွေ့မှာလည်း ချစ်သူတွေဖြစ်ရမယ်လို့ သူ့အနေနဲ့ လက်မခံကြောင်း ချွဲဂျီဝူးက ဆိုခဲ့ပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦးသဘောကျသည်မှာ သေချာကြောင်း ကေဒရမ်မာစတားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၅ ခုနှစ်က ရိုက်ကူးခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုရဲ့ ခရီးစဉ်တစ်ခုမှာ သရုပ်ဆောင်တွေနဲ့အတူ လာရောက်ပူးပေါင်းကာ ခရီးထွက်ခဲ့ပါတယ်။ ချွဲဂျီဝူးက လီစိုးဂျင်ကို ချစ်စရာကောင်းသူတစ်ဦးရယ်လို့ မှတ်ချက်ပေးခဲ့ပြီး မင်းသားလီစိုးဂျင်ကလည်း ချွဲဂျီဝူးဟာ မိတ်ကပ်လိမ်းစရာမလိုအောင်လှတဲ့သူဖြစ်ကြောင်း ဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ မေလအတွင်းက ရုပ်သံအစီအစဉ်တစ်ခုတွင် ယင်းအစီအစဉ်ရဲ့ဒါရိုက်တာ နာယန်းဆပ်က လီစိုးဂျင်ကို ချွဲဂျီဝူးအား လက်ထပ်မှာလားဟု မေးခဲ့ရာ လီက ချွဲဂျီဝူး၏ အသုံးအဖြုန်းကြီးသောစရိုက်ကို ဖျောက်ပစ်မည်ဆိုပါက လက်ထပ်မည်ဖြစ်ကြောင်း ဆိုခဲ့ပါတယ်။ ချွဲကတော့ မလိုပါဘူး။ ရပါတယ်လို့ တုံ့ပြန်ပြောဆိုရင်း ရယ်နေခဲ့ပါတယ်။

ချွဲဂျီဝူးဟာ လတ်တလောမှာ "Twenty Again"ဒရမ်မာရုပ်ရှင်ကို ရိုက်ကူးခဲ့ပါတယ်။ ယင်းရုပ်ရှင်မှာ ချွဲဟာ အသက် (၄၀)အရွယ်ရောက်မှ တက္ကသိုလ်ပြန်တက်ခဲ့သူတစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒါ့အပြင် "Like For Likes"ရုပ်ရှင်မှာလည်း ပါဝင်ထားပြီး ယင်းရုပ်ရှင်ကတော့ အွန်လိုင်းကနေတစ်ဆင့် ချစ်သူရှာဖွေကြသူတွေအကြောင်းကို ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။

မင်းသားလီစိုးဂျင်ဟာ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကင်မ်ဂျန်အွန်နဲ့ နှစ်နှစ်ကြာ ချစ်သူတွေအဖြစ်လက်တွဲခဲ့ဖူးပြီး ချွဲဂျီဝူးကလည်း သူရဲ့သရုပ်ဆောင်ဖက်မင်းသား လီဂျင်ဝတ်နဲ့ နှစ်နှစ်ခန့် လက်တွဲခဲ့ဖူးပါတယ်။

၂၀၁၆ ဂရမ်မီဆုပေးပွဲမှာ ဂျော်နီဒပ် ပါဝင်ဖျော်ဖြေမည်



ယခုနှစ်အတွက် ကျင်းပမယ့် (၅၈)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် ပင်လယ်ဓားပြကြီး ဂျက်စပဲရိုး အဖြစ် လူသိများသော မင်းသား ဂျော်နီဒပ်က သူ၏ "The Holly wood Vampires" တေးဂီတ အဖွဲ့သားများနှင့်အတူ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း အေ့စ်ရှိုးဘေ့စ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ဂျော်နီဒပ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော အဲလစ်ကူးလ်ပါးနှင့် ဂျိုးပါရီတို့ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကာ ယင်းဂရမ်မီဆုပေးပွဲ အခမ်းအနားကို ရုပ်သံလိုင်းမှတိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သောကြောင့် ယင်းဖျော်ဖြေပွဲသည် " The Hollywood Vampires " တေးဂီတအဖွဲ့အတွက် ပထမဦးဆုံးသော ရုပ်သံတွင် ထုတ်လွှင့်ခဲ့သည့်ဖျော်ဖြေပွဲ ဖြစ်လာမည် ဖြစ်သည်။

ယင်းဆုပေးပွဲတွင် ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာက "Where Are U Now "တေးသီချင်းဖြင့် သီဆို ဖျော်ဖြေသွားမည်ဖြစ်ကာ ဒစ်ပလိုနှင့် စက္ကဝေါက်စ်တို့က ဘီဘာကို အားဖြည့်သီဆိုပေးကြမည်ဖြစ်သည်။ ယင်းအပြင် ဟောလိဝုဒ်၏နာမည်ကျော် အဆိုတော်ပစ်ထ်ဘူးလ်ကလည်း ရော်ဘင်သစ်ကီ၊ ထရားဗစ်ဘာကာတို့နှင့် တွဲဖက်ကာ အထူးဧည့်သည်တော်များနှင့်အတူ ဖျော်ဖြေသွားမည်ဖြစ်သည်။

အခြားသောတေးသံရှင်များဖြစ်ကြသည့် အဒဲလ်၊ လေဒီဂါဂါ၊ ကန်းဒရစ်လမ်မာ၊ သယ်ဝိခ်ကန်းဒ်နှင့် ကာရီးအန်ဒါဝတ်ဒ်တို့လည်း ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံနဲ့ခွဲမရအောင်တူတဲ့ အမ်မာဝပ်ဆန်ရဲ့ ပုံတူပန်းချီ



"Harry Potter"မှော်ဇာတ်လမ်းတွဲများဖြင့် ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှ ဟောလိဝုဒ်ရဲ့ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့သော မင်းသမီးအမ်မာဝပ်ဆန်၏ ပုံတူပန်းချီကို ပန်းချီဆရာ နေဟယ်လ် ဂွန်စဲလ်ဗက်စ်က ရေးဆွဲပေးခဲ့ရာ ယင်းပန်းချီမှာ ဓာတ်ပုံနှင့် ခွဲမရလောက်အောင်ပင် လက်ရာမြောက်ခဲ့ကြောင်း အမ်တီဗွီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါပုံတူပန်းချီအတွက် အချိန်နှစ်လခန့်ကြာအောင် ရေးဆွဲခဲ့ရပြီး ဒီဂျစ်တယ်နည်းပညာကို ထည့်သွင်းအသုံးပြုကာရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းလည်း ဂွန်စဲလ်ဗက်စ်က ဆိုခဲ့ပါတယ်။

နေဟယ်လ်ဂွန်စဲလ်ဗက်စ်က သူ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှာ "ကျွန်တော်နောက်ဆုံးအကြိမ် အမ်မာရဲ့ပုံတူကို ရေးဆွဲတုန်းက အဝတ်အစားတွေအပေါ် အလွန်အမင်း အာရုံထားခဲ့မိတယ်။ ဒါ့ကြောင့် ဒီတစ်ကြိမ်မှာတော့ တတ်နိုင်သမျှ လူပုံပေါ်မှာပဲ အာရုံစိုက်ခဲ့တယ်။ တတ်နိုင်သမျှ တူအောင်ရေးဆွဲခဲ့ပြီး နောက်ဆုံးမှာ ဒီလိုပြည့်စုံတဲ့ လက်ရာတစ်ခုကို ဖန်တီးနိုင်ခဲ့တာပါ"လို့ အဆိုပါ ပုံတူပန်းချီနဲ့တကွ ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင်သူက အဆိုပါပန်းချီကို ရေးဆွဲခဲ့ပုံအဆင့်ဆင့်ကိုလည်း ဗွီဒီယိုရိုက်ကူးကာ ယင်းဗွီဒီယိုကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပါတယ်။

လက်စတာမှာ ပရီမီယာလီဂ် ချန်ပီယံအဖြစ် ရေပန်းမစားသော အောက်အသင်းအဖြစ်သာ ဆက်လက်ရပ်တည်နေရဆဲဟု ရာနီရေရီ ဆို

လက်စတာအသင်းသည် ပရီမီယာလီဂ် ပွဲစဉ်(၂၄)ပွဲကစားပြီးချိန်တွင် ဒုတိယနေရာမှ မန်စီးတီးထက် သုံးမှတ်အသာရမှတ်၅၀ဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ရပ်တည်နေသော်လည်း ပရီမီယာလီဂ်ချန်ပီယံအဖြစ် ဗိုလ်စွဲရန် ရေပန်းမစားဘဲ အောက်အသင်း အဖြစ်သာ ဆက်လက်ရှိနေဆဲဟု လက်စတာ နည်းပြ ရာနီရေရီက ဖွင့်ဟပြောကြားခဲ့သည်။

လက်စတာအသင်းသည် ပရီမီယာလီဂ် ပွဲစဉ်(၂၄)တွင် လီဗာပူးအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း မန်စီးတီး၊ အာဆင်နယ်နှင့် စပါးအသင်းတို့ကဲ့သို့ ကစားသမား အင်အား တောင့်တင်းမှုမရှိဘဲ လက်ကျန်ရာသီပွဲစဉ်များကို ခက်ခက်ခဲခဲ ရင်ဆိုင်ရနိုင်သည်ဟု ရာနီရေရီက ဝန်ခံခဲ့သည်။

လက်စတာအသင်းသည် ဖေဖော်ဝါရီ ၆ရက် (ယနေ့)တွင် မန်စီးတီးအား အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်ရာ ပရီမီယာလီဂ် အမှတ်ပေးဇယားထိပ် အပြောင်းအလဲရှိနိုင်သည်ဟု အားကစားကျွမ်းကျင်သူများက သုံးသပ်ထားသည်။ ထို့ပြင် ရာနီရေရီက သူ၏အမြင်အရ ဆိုလျှင် မန်စီးတီးအသင်းသည်သာလျှင် ပရီမီယာလီဂ်ချန်ပီယံဖြစ်ရန် အလားအလာ အကောင်းဆုံးအသင်းဖြစ်ပြီး မကြာမီနှစ်များအတွင်း ချန်ပီယံလီဂ်တွင်ပါ ဗိုလ်စွဲနိုင်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

ရာနီရေရီက" မန်စီးတီးတိုက်စစ်မှူးအဂူရိုက တအားကောင်းသလို ကျွန်တော်တို့ အသင်းက ဗာဒီကလည်း တကယ်ကောင်းတဲ့ တိုက်စစ်မှူးပါ။ ဗာဒီကတော့ နည်းစနစ်ပိုင်းလိုအပ်ချက်ရှိကောင်းရှိနေပေမယ့် သူဟာ အသင်းဖော်တွေနဲ့ အပေးအယူမျှတဲ့ကစားသမားပါ။ သူ့ကို ကျွန်တော်က ကလပ်အသင်းမှာပဲ ဆက်ရှိနေစေချင်ပေမယ့် ဒါဟာ ကျွန်တော်လုပ်လို့ရတဲ့ကိစ္စရပ်မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

လက်စတာအသင်းသည် မန်စီးတီး၊ စပါး၊ ချယ်လ်ဆီး၊ အဲဗာတန်၊ မန်ယူတို့အား ပထမအကျော့ရင်ဆိုင်ခဲ့ရာတွင် ရလဒ်ကောင်းတစ်ရပ်ရရှိအောင်ဖော်ဆောင်နိုင်ခဲ့သော်လည်း ဒုတိယအကျော့တွင် ပိုမိုခက်ခဲလာမည်မှာသေချာကြောင်းလည်း ရာနီရေရီက ဝန်ခံခဲ့သည်။

SERIE A စီးရီးအေရင်ခုန်သံ - ၂၄ SERIE A

အီတလီစီးရီးအေပြိုင်ပွဲစဉ် (၂၄) ကို လာမယ့် ဖေဖော်ဝါရီလ ၆၊၇၊ ၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်ဟာကြားရက်မှာယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၂၃ နဲ့နီးကပ်နေတာကြောင့်ပြိုင်ပွဲဝင်အသင်းတွေ အနေနဲ့ပွဲပန်းမှုတွေရှိနေနိုင်ပြီး ဘယ်အသင်းတွေ ခြေချော်နိုင်မလဲဆိုတာစောင့်ကြည့်ရမယ်။

ဘိုလော့နာ - ဖိအိုရင်တီးနား ည ၁၀း၃၀ (၆-၂-၁۶)

အခုနောက်ပိုင်းမှာ ဘိုလော့နာရဲ့ ရှုန်းကန်အားကကောင်းမွန်နေပါတယ်။ အထူးသဖြင့်ဘိုလော့နာဟာ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ရှုန်းအားပိုမိုကောင်းမွန်တတ်သလို တန်ဆင်းဇုန်အတွင်းက အသင်းတွေနဲ့လည်း အမှတ်မကွာတာကြောင့်အားစိုက်ကစားမှာပါ။ ဖိအိုရင်တီးနားအခက်တွေ့နိုင်ပြီး နိုင်ရင်တောင်မပြတ်သားဘူး။

ဂျီနိုအာ - လာဇီယို နံနက် ၂း၁၅ (၇-၂-၁۶)

လာဇီယိုက အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်နေပါတယ်။ ဥရောပဝင်ခွင့်အဝန်းအဝိုင်းအတွင်းက အသင်းတွေနဲ့လည်း အမှတ်ကွာဟမှုသိပ်မရှိတာကြောင့် ဒီပွဲစဉ်မှာလည်း အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ဂျီနိုအာကလည်း အိမ်ကွင်းခံကစားအား ကောင်းမွန်တဲ့အသင်းဖြစ်လို့ လာဇီယိုကပ်ပြီးသာနိုင်မယ်။

ပီရူနာ - အင်တာမီလန် ည ၆း၀၀ (၇-၂-၁۶)

အင်တာမီလန်က အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းကျဆင်းလာတာတွေ့ရတယ်။ အထူးသဖြင့် အင်တာမီလန်ဟာ တိုက်စစ်ပိုင်းက ဂိုးရရှိရေးရှုန်းကန်နေရတယ်။ ဒါပေမယ့် အင်တာမီလန်အနေနဲ့ချန်ပီယံလီဂ်ဝင်ခွင့်ရရှိဖို့ အမှားမခံတဲ့ အခြေအနေရောက်နေလို့ အားစိုက်မှာဖြစ်ပြီး ပီရူနာကလည်းခြေစွမ်းအားနည်းလွန်းပါတယ်။ အင်တာမီလန်ကပ်နိုင်မယ်။

နာပိုလီ - ကာပီ ည ၈း၃၀ (၇-၂-၁۶)

ကာပီက အခုနောက်ပိုင်းမှ ပွဲတိုင်းကို အကောင်းဆုံးအားစိုက်ကစားနေသလိုစုဖွဲ့မှုအားလည်းထက်မြက် လာတယ်။ ဒီပွဲမှာလည်းတန်းမဆင်းရရေးအတွက်အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့်နာပိုလီခြေစွမ်းနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း အကောင်းဆုံးဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်တယ်။ နာပိုလီပဲအနိုင်ရမယ်။

တိုရီနို - ချီယေဗို ည ၈း၃၀ (၇-၂-၁۶)

တိုရီနိုရဲ့ခြေစွမ်းပိုင်းကမဆိုးပါဘူး။ အထူးသဖြင့်တိုရီနိုဟာအိမ်ကွင်းပွဲစဉ်တွေမှာ ကစားအား ပိုမိုကောင်းမွန်တတ်ပါတယ်။ ချီယေဗိုကလည်း လက်ရှိခြေစွမ်းပိုင်အရကောင်းမွန်တယ်လို့ဆိုနိုင်ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းကမတည်ငြိမ်တတ်ဘူး။ တိုရီနိုကသာအိမ်ကွင်းမှာနိုင်ပွဲရသွားမှာပါ။

ဖရိုစီနိုနီ - ဂျူဗင်တပ် ည ၈း၃၀ (၇-၂-၁۶)

တန်းဆင်းဇုန်အတွင်း ရောက်ရှိနေတဲ့ ဖရိုစီနိုနီဟာ တန်းမဆင်းရရေးအတွက် အခုနောက်ပိုင်းမှာပွဲတိုင်းကိုအာရုံစိုက်ကစားနေသလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းရလဒ်ကောင်းဖို့အားစိုက်လာမှာပါ။ ဒါပေမယ့်ဂျူဗင်တပ်ရဲ့ခြေစွမ်းပိုင်းကအကောင်းဆုံးဖြစ်နေလို့ ဖရိုစီနိုနီဂိုးပြတ်မရှုံးအောင်သာကြိုးစားရလိမ့်မယ်။

ဆာစူအိုလို - ပါလာမို ည ၈း၃၀ (၇-၂-၁۶)

ဆာစူအိုလိုက အိမ်ကွင်းကစားပုံကောင်းမွန်တတ်တဲ့အသင်းဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းကပျက်ယွင်းနေပါတယ်။ ပါလာမိုကခြေသာမန်သာရှိပေမယ့်တန်းမဆင်းဖို့အားစိုက်ကစားလာမှာ သေချာနေတယ်။ ဆာစူအိုလိုသရေလောက်ပဲ ကစားနိုင်မယ်။

အေစီမီလန် - အူဒီးနီးစ် ည ၈း၃၀ (၇-၂-၁۶)

အေစီမီလန်ကခံစစ်ကစားပုံမတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ ဥရောပဝင်ခွင့်အတွက်လည်း အဝန်းအဝိုင်းကစားနေတာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်သလို အိမ်ကွင်းလည်း ဖြစ်တယ်။ အူဒီးနီးစ်ကတော့ခြေစွမ်းပျက်ယွင်းနေတယ်။ အေစီမီလန်ကာသာကပ်နိုင်သွားမှာပါ။

အတ္တလန္တာ - အမ်ပိုလီ ည ၈း၃၀ (၇-၂-၁۶)

အမ်ပိုလီကအခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်မှုရှိနေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ အတ္တလန္တာကလည်းလက်ရှိခြေစွမ်းပိုင်းကျဆင်းနေတယ်ဆိုပေမယ့်အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်တော့ ကစားပုံကောင်းမွန်မှုရှိတတ်ပါတယ်။ သရေကျသွားဖို့များတဲ့ပွဲလို့ယူဆမိတယ်။

ရိုးမား - ဆမ်ပိုးရီးယား နံနက် ၂း၁၅ (၈-၂-၁۶)

ရိုးမားဟာအမှတ်ဆုံးရှုံးမှုတွေများခဲ့ပြီး ချန်ပီယံလီဂ်ဝင်ခွင့်ရဖို့အမှားမခံတဲ့အခြေအနေဖြစ်နေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။ ဆမ်ဒိုးရီးယားကလည်းတန်မဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းခြေအားနည်းသလို လက်ရှိခြေကလည်းကျဆင်းနေပါတယ်။ ရိုးမားပဲအနိုင်ရမယ်။ **[ရွှေင်းမင်းမင်း]**

ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ရှိခဲ့ဟု ဒန်နီအဲဗက်စ် ဝန်ခံ

ဘာစီလိုနာနောက်ခံလူ ဒန်နီအဲဗက်စ်က ၂၀၀၈ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ သေချာပေါက်ပြောင်းရွှေ့ရတော့မည်ဟု မှတ်ယူခဲ့ပြီးကာမှ ဘာစီလိုနာအသင်းသို့ မထင်မှတ်ဘဲရောက်ရှိခဲ့ရသည်ဟု ဖွင့်ဟဝန်ခံလိုက်သည်။

ဒန်နီအဲဗက်စ်သည် ၂၀၀၈ခုနှစ်တွင် ဆီဗီလာမှ ဘာစီလိုနာသို့ ပြောင်းရွှေ့ကြေး ယူရှိသန်း၃၀ဖြင့်ရောက်ရှိလာခဲ့သူဖြစ်ပြီး ၂၀၀၈-၂၀၀၉ ဘာစီလိုနာ၏ တစ်ရာသီတည်း ဖလားသုံးလုံးအောင်မြင်မှုတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သည်။

အဲဗက်စ်က ကစားသမားတစ်ဦး၏ ကလပ်အသင်းအပြောင်းအရွှေ့မှာ တစ်ခါတစ်ရံ မထင်မှတ်ထားသည်များလည်းဖြစ်တတ်ရာ နေမာအနေဖြင့် ရီးယဲလ်မက်ဒရစ်သို့ပြောင်းရွှေ့မည်လားဆိုသည့်ကိစ္စရပ် အပေါ် မည်သည့်ထင်မြင်ချက်မျှမပေးလိုကြောင်း၊ သူကိုယ်တိုင်ပင် ရီးယဲလ်သို့ ပြောင်းရွှေ့ရတော့မည်ဟု ယူဆပြီးကာမှ ဘာစီလိုနာသို့ မမျှော်လင့်ဘဲ ရောက်ရှိခဲ့ကြောင်း၊ ဂွါဒီယိုလာ ဘာစီလိုနာအားစတင်ကိုင်တွယ်သည့်အချိန်တွင် သူ့အားခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဘာကာ၏ တစ်ရာသီထဲ ဖလားသုံးလုံးအောင်မြင်မှုတွင် အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ခွင့်ရခဲ့ခြင်းအပေါ် အင်မတန်ဂုဏ်ယူမိကြောင်း၊ ဂွါဒီယိုလာအနေဖြင့် ဘိုင်ယန်တွင် သိပ်ပြီးမအောင်မြင်ခြင်းမှာ အစမှအဆုံး ပြင်ဆင်သည့်မူပါဒကို ကျင့်သုံး၍ မရခြင်းကြောင့်ဖြစ်ပြီး မန်စီးတီးအား မြေလှန်စနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သူ၏ထင်မြင်ချက်ကို စပိန်ရေဒီယိုနှင့် အင်တာဗျူးပြုလုပ်စဉ် ပြောကြားခဲ့သည်။

မေ လဲ့ သင်း ရေး သား သည်

ဖေဖော်ဝါရီ ၆/၇ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

မောင်မောင်ဇော်

ပရီမီယာလီဂ်			ဘွန်ဒက်စ်လီဂါ		
မန်စီးတီး	- လက်စတာ	ည-၇း၁၅	ရှော်လ်ကေး	- ဝုဖ်ဘတ်	ည-၉း၀၀
ဆွမ်ဆီး	- ခရစ္စတယ်ပဲလေ့စ်	ည-၉း၃၀	ဖရန့်ဖတ်	- စတုဂတ်	ည-၉း၀၀
စတုတ်စီးတီး	- အဲဗာတန်	ည-၉း၃၀	ဟန်နိုဗာ	- မိန့်ဇ်	ည-၉း၀၀
ဗီလာ	- နော့ဝှစ်ချ်	ည-၉း၃၀	ဟာသာဘာလင်	- ဒေါ့မွန်	ည-၉း၀၀
လီဗာပူး	- ဆန်းဒါးလန်း	ည-၉း၃၀	အင်ဂေါ့စတက်	- အော့ဗ်ဘတ်	ည-၉း၀၀
စပါး	- ဝက်ဖို့ဒ်	ည-၉း၃၀	လေဗာကူဆင်	- ဘိုင်ယန်မြူးနစ်	ည-၁၂း၀၀
စီးရီးအေ			**ပြင်သစ် လီဂူး**		
ဘိုလော့နာ	- ဖိအိုရင်တီးနား	ည-၁၀း၃၀	မိုနာကို	- ရိုက်စ်	ည-၇း၃၀
ဂျီနိုအာ	- လာဇီယို	နံနက်-၂း၁၅	အန်ဂါးစ်	- လီယွန်	ည-၁၀း၃၀
လာလီဂါ			လိုရီယန့်	- မောင့်ပယ်လီယာ	နံနက်-၁း၃၀
အက်သလက်	- အီဘား	ည-၉း၃၀	ဂါဇီလက်	- ဂူအင်ဂမ့်	နံနက်-၁း၃၀
ဗယ်လက်ကာနို	- လက်စ်ပဲမက်စ်	ည-၁၁း၄၅	ဘက်စ်တီယာ	- ထရွိုင်ယက်စ်	နံနက်-၁း၃၀
ဘီဘာအို	- ဗီလာရီးယဲလ်	နံနက်-၂း၀၀	ကိန်း	- ရိမ်းစ်	နံနက်-၁း၃၀
စပို့တင်ဂီဂျန်	- ဒီပို့တီပို	နံနက်-၃း၃၅	တူးလော့စ်	- နန့်တက်စ်	နံနက်-၁း၃၀

လပွတ္တာမြို့ ကမ်းနားလမ်း မီးလောင်ကျွမ်းမှု အိမ်ခြေ ၁၇၉ လုံးနှင့် ဆိုင်ခန်း ၂၀ ကျော်ဆုံးရှုံး

နေပြည်တော် ဖေဖော်ဝါရီ ၅

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီခွဲက ကမ်းနားလမ်း(၅)ရပ်ကွက် ရောသီရိသဲလမ်းနေ ကိုနေဝင်းထွန်း(ဈေးရောင်း)၏နေအိမ်မှ စတင်၍ မီးလောင်ကျွမ်းခဲ့ရာ ကမ်းနားလမ်း (၅)ရပ်ကွက်၊ (၄)ရပ်ကွက်နှင့် (၁)ရပ်ကွက်တို့ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ်းနားလမ်းတွင် မြို့၏စီးပွားရေး အချက်အချာနေရာများဖြစ်သော ပုစွန်ဒိုင်၊ ငါးဒိုင်၊ ကဏန်းဒိုင်နှင့် လူနေရပ်ကွက်များရှိပြီး မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၁၇၉ လုံးနှင့် ဆိုင်ခန်း ၂၀ ကျော် ပျက်စီးဆုံးရှုံးကာ အိမ်ထောင်စု ၁၉၅ စုမှ လူဦးရေ အမျိုးသား ၃၅၆ ဦး၊ အမျိုးသမီး ၄၀၅ ဦး စုစုပေါင်း ၇၆၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရာသို့ လပွတ္တာမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ငါးစီး၊ မြောင်းမြခရိုင် မီးသတ်ဦးစီးမှူးဦးစီး၍ မြောင်းမြမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ခြောက်စီး၊ ရောဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးစီး၍ မီးသတ်ယာဉ် ၁၄ စီးနှင့် မြို့ခံပြည်သူလူထုမှ ဝိုင်းဝန်းကူညီ မီးငြိမ်းသတ်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီကျော်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော မိသားစုများအား လပွတ္တာမြို့ လေးထပ်ကျောင်းအတွင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာမှ ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတ်ပုံ- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့၌ အိမ်ခြေ ၃၀၀ ခန့် မီးလောင်မှုဖြစ်ပွား

နမ့်ဆန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်မှ ဖေဖော်ဝါရီ ၅ ရက် နံနက် ၆ နာရီအထိ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၃၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ နမ့်ဆန်မြို့ ခိုင်သစ္စာလက်ဖက်ပွဲရုံမှစတင်မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်နေစဉ် အရှေ့အရပ်မှ လေများတိုက်ခတ်နေသည်ဟု သိရသည်။ မီးလောင်မှု ဖြစ်ပွားရာသို့ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မန်စံ၊ နောင်ချို မြို့နယ်တို့မှ မီးသတ်ယာဉ်များ သွားရောက်ငြိမ်းသတ်ခဲ့ကြသည်။

ပြန်လည်ကယ်ဆယ်နေရာချထားရေး လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

တာချီလိတ်နှင့် ဆိပ်ကမ်းမြို့နယ်တို့တွင် ဘိန်းစိမ်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်က တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာ အုပ်စု လွယ်စီတုံ(အောက်)ကျေးရွာနေ ကျော်ကျော်နှင့် မည္ဇန့်ရီတို့၏ နေအိမ်ကို ရှာဖွေရာ အိုက်စ် သုည ဒသမ ၀၀၉ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈ ပြား၊ ဘိန်းစိမ်း သုည ဒသမ ၀၂၁ ကီလိုနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာတို့ကို သိမ်းဆည်းရမိသည်။

ဗညားနှင့် ကောင်းထက်လင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၄၃) ရန်ကုန်(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်း ဘဲလေးစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာတွင် ဗညားမောင်းနှင်ပြီး ကောင်းထက်လင်း လိုက်ပါလာသည့် AA/---- NISSAN Van ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ ဆေးခြောက်အလေးချိန် သုည ဒသမ ၀၃၂၆၆ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ဝံပုံ) (ကြေးမုံ)**

ပေါက်-ပခုက္ကူကားလမ်းတွင် ကျွန်းသစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေပြာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က သစ်များ တရားမဝင် သယ်ဆောင်လာကြောင်း သတင်းအရ ဖိုးဖြူလုံးကန်ရွာအနီး ပေါက်-ပခုက္ကူကားလမ်း မိုင်တိုင် အမှတ်(၅/၁)တွင် သွားရောက် စောင့်ဆိုင်းနေစဉ် ထီးလင်းမြို့နယ် အညာဘန်းရွာနေ ဝင်းမော်(၂၈)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ အေးနိုင်(၃၁)နှစ်လိုက်ပါလာသည့် MDY HSE/----- VEHICLE MICROBUS ယာဉ်အား ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ပေါ်မှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၃ချောင်း (သုည ဒသမ ၇၇၂၈ တန်) သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းမော်နှင့် အေးနိုင်တို့နှစ်ဦးအား ပေါက်မြို့နယ် ရေပြာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ရမ်ပန်ကြား)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MYANMAR TOURISM FEDERATION) လက်အောက်ရှိ မြန်မာနိုင်ငံအမှတ်တရပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအသင်း (MYANMAR SOUVENIR ENTREPRENEUR ASSOCIATION) အား အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် (၁၀-၂-၂၀၁၆) နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။
- ဆက်သွယ်ရန် -
ဦးသန်းထွဋ်အောင်၊ ရုံးခန်း (ယာယီ)၊ တိုက် (၄)၊ အခန်း (၅၀၃)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၉၅၄၆၄
Gmail : thanhtutau@gmail.com

Hello Travels 9+1 Free
ခရီးဦး သုရေးသူ အရည်ချင် ခရီးသွားခန်းဆောင်သူသင့်ပါပြီ
- အခေါင်းတောင်ကသပ – ပန္တလေး – ပုံရွာ – စစ်ကိုင်း 110000 ကျပ်
- ဘားအံ – ကျိုက်ထော – ဆဋ္ဌန်ဝူ (ခနဲ့ချင်းပြန်) 35000 ကျပ်
- မော်လမြိုင် – ကျိုက္ကမီ – ကော်ခဲကမန်းစေတီ (ခနဲ့ချင်းပြန်) 35000 ကျပ်
- ပြည် – ထုံးတို – အကောက်တောင် (ခနဲ့ချင်းပြန်) 35000 ကျပ်
ခန့်ခင်း - ရေနုကျည်းစာ - ညောင် - အောင်ပြည်ကုန်နှင့် ဘဏ္ဍာ ဆက်ကြီး (9+1 Free)
Ph : 09 450533223, 09 450533224, 09 450533225

ခေတ်ပေါ်နန်းတော်ထား ခရီးသွားလုပ်ငန်း
- တောင်ကြီး ~ အင်းလေး ~ ပင်တယ ~ ကလော 150000 ကျပ်
- ပုဂံ ~ ရွယ်တော်လေးဆု ~ ပျပွင်း ~ ပခုက္ကူ 140000 ကျပ်
- ဂေါ်ရန်ကိုကျွန်း ~ နံသာပုတမ်းခြေ ခရီးစဉ် 98000 ကျပ်
- အလောင်းတော် ကသပ ~ ပုံရွာ ~ စစ်ကိုင်း ~ ပန္တလေး 98000 ကျပ်
- ရွှေစက်တော် ဖွင့်ပွဲ အထူး 78000 ကျပ်
- မော်လမြိုင် ~ စက်စဲ နေ့ချင်းပြန် 35000 ကျပ်
- ဘားအံ ~ ကျိုကထော ~ ဆဋ္ဌန်ဝူ နေ့ချင်းပြန် 35000 ကျပ်
February လ ခရီးစဉ်များ
09 4500 43394, 09 2526 30799
09 50 99340, 09 9726 22114

ဦးလှမြင့် အင်္ဂလိပ်စာ၊ စကား၊ သင်္ချာ နှင့် အရေးသင်တန်းများ
လခဝင် ပုံမှန်သင်တန်းရှိသည်
နေ့ (၃)လ ... ၄တန်း၊ ၈တန်းသီးသန့်
GUIDE သီးသန့်သင်တန်း
ဘုရား၊ ဘုရား-လမ်း(လယ်)၊ ကျောက်တံတား။ ၀၉-၄၂၁၃၁၆၈၉

(ရောင်း၊ ငှား၊ ဝယ်သူ၊ ညှိနှိုင်းပေး) မည်
ဘ။ ရေကြည်တော်ဘုရားသီရိ(ရုပ်ပါမာကတ်+ထိုးရွှင်)အနီး 100'x100' ပေါ် ခေတ်မီ RCဘဲလမ်းအုတ်မြစ်ချပြီးရီး BA/C+Batab+5MBR(ဟိုတယ်ပုံစံအတိုင်း)၊ကား ဂိုဒေါင် RC ၂ထပ်အပေါ်ထပ် 1MBR+ကျွန်းမာန်ကင်းညွှတ်ပေါ်။ ၄။ ဘင်သိန်း ၂စုံလုံးချင်းကိုက်သန်းမျိုးစုံ၊ ပုံခန်း၊ဂိုဒေါင်၊ ပြေးကွက်၊ နစ်ချေပ်(သို) စပေါ်ကွေ့ဝင် ဘားယူဝယ်ယူလိုသည်(ဘာရောင်းလည်းမရပါသည်)။ ပြေးကွက်များ ဝယ်ယူလိုသည်။ ၅။ တ/ဥက္ကလာစက်မူရစ်(စ)ရပ်ကွက်(100'x100') အလွတ်ရှိ+ လုပ်ငန်းသုံးပါပါ ပြီးတာသေသေသပ်သပ်။ ၆။ ဆေးလေးမြေညီထပ်သေသေသပ်။(သို) စပေါ်ဝယ်သိန်း လေးဆယ်ခန့်(ပြင်ဆင်ပြီး) ၇။ ဗိုလ်တထောင်သုရားလမ်း(ထက်) တထပ်(25'x55') 1BRပြင်ဆင်ပြီး။ထောင့်ခန်းသေသပ်။ ၈။ ရေကျော်ရေနေလမ်းကြီးဆိုင်ခန်း သေ၂.၅သိန်း 09-43133981, 245585, 246663

The VOICE weekly

အပတ်စဉ် ဓနေနေ့တိုင်း ထွက်ပြီ
သတင်း ; 01 - 242424, 389207, 09 9772 04248. .
ကြော်ငြာ ; 09 4211 07770, 09 517 6835.
ဖြန့်ချိရေး ; 09 4211 18327.
website ; http//www.thevoicemyanmar.com

အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးနောင်တိုမြို့နယ်နေ ဦးသူရညွှန့် [၁/တမန(နိုင်)၀၁၃၆၈၈၏သား၊ အမက(၃)ဆိပ်ကြီးခရောင်တိုမြို့စတုတ္ထတန်းမှ မောင်သူရထွေးနှင့် မောင်နေသူရထွေးမှာ အမည်တစ်ဦးတည်းဖြစ်ပါကြောင်း။

မွေးသက္ကရာဇ် အမှန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အထက(၃)ကျောင်း၊ သတ္တမတန်းမှ ဗိုလ်ကြီးမောင်မောင်(ငြိမ်း)-ဒေါ်ခင်သန်းထိုက်၏သား၊ မောင်ဟန်ထူးဇော်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၇-၁-၂၀၀၃ရက် ဖြစ်ပါသည်။

ကျောင်းမဟာ
ပြင်ပမှားသည့်ရမှတ်များနှင့် ရည်မှန်းသွက်လက် ထူးချွန်ထက်မြက်သူ တိုးရေးရာ
"နွေ"(၃)လပြတ် တက်ရောက်သူတိုင်း "ဂုဏ်ထူးသရဏ" ဆောင်းခဲကြတာ "ဆတုသရဏ" ရဲ့အခင်းအလာ
ဆရာကိုမေ
ဆရာတုဗေဒသီးသန့် "နွေ"(၃)လပြတ်သင်တန်း(မတ်၊ဧပြီ၊မေ) မတ်လဆန်းစမည်။ (ကျောင်းအပ်လက်ခံပြီ)
ကန့်သတ်(၃၀)ဦးသာ
ကျောင်းမဟာ
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ဘာသာရပ်ဆိုင်ရာ ဝိုင်းများ
GRADE 11 ၁၀တန်း(တက္ကသိုလ်ဝင်တန်း) GRADE 10 ၉ တန်း
မတ်လဆန်းစမယ်
"ဝိုင်း"ကြီးအပ်လက်ခံပြီ
မေးမှာတွေကို လေ့ကျင့်ရင်း လေ့ကျင့်တာတွေ မေးတော့မယ်။
ဆရာကိုမေ
တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်သူများအတွက် (၂၀၁၆)စာမေးပွဲလမ်းညွှန် ထွက်နေပါပြီ။
H-2 မေခလမ်း၊ မေခအိမ်ရာ၊ သယံနိုးကျွန်းမြို့နယ်။ ဖုန်း - ၀၁ - ၅၇၃၀၁ ၊ ၀၉ - ၅၁၃၃၁၁၆ ၊ ၀၉-၅၄၀၆၅၄၆

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျှင်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

ဝစီစရိုက် မျိုးနိုးလိုက်၏

အမိယုတ်တော့ နှုတ်ကြမ်းတယ်ဆိုတာ ဖန်တရာတေနေတဲ့ ဆိုရိုးစကား ပီပီ ရာခိုင်နှုန်းအားဖြင့် ၉၀ ကျော် မှန်ပါတယ်။ ဘုရားဟော ကျေးညီနောင် ပုံပြင်ဆိုတာလည်း အထင်အရှား ရှိသားပဲလေ။

ကလေးတွေ စကားတတ်လာတာ မိဘမဟုတ်ရင်တောင်မှ သူတို့ကို မွေးကင်းစအရွယ်မှ စတင်ပြီး ရင်အုပ်မကွာ ထိန်းကျောင်းတဲ့ အုပ်ထိန်းသူတွေဆီကနေ တတ်လာတာဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဗမာကလေး ဗမာစကားတတ်၊ ကချင်ကလေး ကချင်စကားတတ်၊ ရှမ်းကလေး ရှမ်းစကားတတ်၊ တရုတ်ကလေး တရုတ်စကားတတ်၊ ပြင်သစ်ကလေး ပြင်သစ်စကားတတ်ခြင်းဟာ လက်ဦးဆရာ မိဘဆီက တစ်ဆင့်၊ ဒါမှမဟုတ် ရင်အုပ်မကွာ ထိန်းခဲ့သူက တစ်ဆင့် တတ်မြောက်လာကြစမြဲမို့ ဆဲရေးတိုင်းထွားတတ်တာမှာလည်း မိဘဆီက ဖြစ်ဖို့က ရာခိုင်နှုန်းအလွန်များပါတယ်။

ပြောရတာတော့ သိပ်မကောင်းဘူး။ ကျွန်တော်ကိုယ်တိုင်လည်း အင်မတန်ဆဲတတ်ပါတယ်။ စုတ်စုတ်ပဲ့ပဲ့ကို ဆဲတတ်တာပါ။ ဒါပေသည့် ကျွန်တော့်အမေ ကျွန်တော်အားနာလို့ လူမြင်ကွင်းမှာဆို အတတ်နိုင်ဆုံးထိန်းပါတယ်။

ကျွန်တော့်အမေက စကားအလွန်ချိုတဲ့ မန္တလေးသူစစ်စစ် ဖြစ်လင့်ကစား သူကြီးပြင်းရတာက မိဘလက်ပေါ်မှာထက် သူ့အိမ်က ပညာအခြေခံ လုံးဝမရှိသူ အလုပ်သမားများရဲ့ လက်ပေါ်မှာ ဖြစ်ပါတယ်။ သူ့မိဘတွေက စီးပွားရေးကိုပဲ မဲတင်းနေခဲ့ကြတဲ့အတွက် သားသမီးကို လှည့်မကြည့်အားခဲ့ကြပါဘူး။ ဒါ့အပြင် မေမေ့ကို မလိုချင်ဘဲ မွေးလာတဲ့ ကလေးအဖြစ် ငယ်ငယ်ကတည်းက ကြဉ်ထားခဲ့ကြတာလည်း ပါပါလိမ့်မယ်။ အဲတော့ ပညာအခြေခံ လုံးဝမရှိသူ မိလက္ခာ လူတန်းစားရဲ့ ဝစီစရိုက်က မေမေ့ကိုယ်ထဲမှာ အုံ့နဲ့ ကျင်းနဲ့ ရှိပါတယ်။

ကံမကောင်း အကြောင်းမလှချင်တော့ ကျွန်တော့်အဖေဆိုတာလည်း ပညာအခြေခံနည်းလှတဲ့ အဖေ၊ ပညာအခြေခံ လုံးဝမရှိတဲ့ အမေတို့ဆီက ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ပေါက်ဖွားပြီး သူကိုယ်တိုင်ကလည်း အလယ်တန်း ပညာအခြေခံနည်းလှတဲ့ အဖေ၊ ပညာအခြေခံ လုံးဝမရှိတဲ့ အမေတို့ဆီက ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ပေါက်ဖွားပြီး သူကိုယ်တိုင်ကလည်း အလယ်တန်း ပညာလောက်တောင် ဆုံးခန်းတိုင်အောင် မသင်ခဲ့ရရှာလေတော့ အဖေ့နှုတ်ကလည်း ကြမ်းပါတယ်။

သည်တော့ကာ အဆဲစကားလုံး ပေါင်းစုံဟာ ကျွန်တော် လူမှန်းသိကတည်းက နားယဉ်နေတဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်လည်း ကောင်းကောင်း ဆဲတတ်တယ်ပေါ့ခင်ဗျာ။

ကနေ့ လူမှုမီဒီယာကြီးပေါ်မှာ

သို့သော် ကျွန်တော့်ကိုကျတော့ အဖေတို့ အမေတို့က လူတန်းစေ့အောင် သူတို့ ပခုံးအသားမာ အတက်ခံပြီး ထမ်းတင်ပေးခဲ့ကြတာမို့ သိမ်မွေ့ချေငံတဲ့ ပတ်ဝန်းကျင်ကို မျက်ဝါးထင်ထင် မြင်လာရပါတယ်။ မောင်နှမချင်းရန်ဖြစ်ရင်တောင် ချေချေငံငံ၊ မအေမိဘကို ပြန်ပြောရင်လည်း ညင်ညင်သာသာ သူငယ်ချင်းတွေများစွာနဲ့ ပေါင်းသင်းခွင့် ရတဲ့အခါ ကိုယ့်ပါးစပ်ကိုယ် ရှက်လာတတ်ပါတယ်။ သည်လိုနဲ့ ဆင်ခြင်နေခဲ့တာပါ။

သို့တိုင်အောင် ကျွန်တော် စိတ်တိုရင်တော့၊ အထူးသဖြင့် ကားမောင်းနေစဉ်မှာတော့ နှုတ်ကကြမ်းချင်ဆဲ၊ ကြမ်းနေမိမြဲပါပဲ ခင်ဗျာ။

လူမှုမီဒီယာ တွင်ကျယ်လာသလို အင်တာနက်ဆက်သွယ်ရေးကြီးက လူတိုင်းလိုလိုရဲ့ လက်ထဲမှာ ရောက်လာတဲ့ အခါမှာတော့ အင်မတန် ယဉ်ကျေးဖွယ်ရာလှပါတယ်ဆိုပြီး ဂုဏ်ယူတတ်တဲ့ ကျွန်တော်တို့ မြန်မာတွေထဲမှာလည်း အမိယုတ်က ပေါက်ဖွားလာသူတွေ အများအပြား မဟုတ်တောင် အုံ့နဲ့ ကျင်းနဲ့ ရှိနေတာကို တွေ့ရတယ်လို့ဆိုလိုက်ရင် တချို့တွေ အနာပေါ်တုတ်ကျပြီး ဆွေ့ဆွေ့ခုန် ကုန်ကြလောက်ပါတယ်။

စဉ်းစားပေးတော်မူကြစေချင်ပါတယ်။

ကွန်မန့် (မှတ်ချက်) ရေးတတ်ကြရဲ့လား

အောက်ဖော်ပြပါ ကွန်မန့်နှစ်မျိုးအနက်က ဘယ်လိုကွန်မန့်မျိုးကို လိုချင်ပါသလဲ။

"ကောင်းလိုက်တာ၊ ကျုပ်ဘလော့(ဂ်)ကို http://someblog.blogspot.com မှာ ကြည့်လိုက်ပါ"ဆိုတာနဲ့"တင်ပြပုံကောင်းတယ်။ X ဆိုတဲ့အကြောင်းရပ်နဲ့ ပတ်သက်ပြီး ခင်ဗျား ဘာဆိုလိုချင်မှန်း ကျုပ်တန်းသိသွားတယ်။ ပြီးတော့လည်း အဲသလို ယူဆနေတာ ကျုပ်တစ်ယောက်တည်း မဟုတ်မှန်း သိလိုက်ရလို့လည်း ဝမ်းသာတယ်။ ကျုပ်သာဆိုရင် A တွေ၊ B တွေ၊ C တွေတောင် ပါအောင် ထည့်ပြောမိဦးမှာ။ အခုလို ပွင့်ပွင့်လင်းလင်း ပြောပြတာကို အရမ်း သဘောကျမိပါတယ်"ဆိုတာနဲ့ပေါ့။

ဒုတိယကွန်မန့်ကိုသာ ပိုလိုချင်ကြမယ်ဆိုတာ သေချာတာပေါ့နော်။ ဘာ့ကြောင့်လဲ။ နှစ်လိုစရာ ကောင်းနေတဲ့အချက် တစ်ချက်ကတော့ အဲဒီ ဒုတိယကွန်မန့်ဟာ အောက်မှာ ဖော်ပြထားတဲ့ ကျင့်ဝတ်ထုံးတမ်းလမ်းညွှန်တွေကို လိုက်နာထားတဲ့အတွက်ပါပဲ။ သို့သော် သည့်ထက်ပိုအရေးကြီးတာက သည်ဒုတိယကွန်မန့်ကိုရေးတာဟာ ခင်မင်မှုတစ်ရပ်ကို ခိုင်မာလာအောင် ဖြစ်ပါတယ်။ သူ့ကိုယ်သူ ဇနီးတင်ဖို့ ရေးလိုက်တာမျိုး မဟုတ်ဘူး။

ခင်မင်မှုတည်ဆောက်ခြင်းဟာ ကိုယ့်စာမျက်နှာကို ဧည့်သည်စောင်သည် အသစ်များ တိုးပွားဝင်ရောက်လာအောင် ဆွဲဆောင်ရာမှာ ဇွတ်အတင်းကြော်ငြာတွေ လိုက်ပို့တာထက် အများကြီး ပိုထိရောက်ပြီး အများကြီးလည်း ပိုအကျိုးများလာစေနိုင်တဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ အဲတော့ကာ ကိုယ့်စာမျက်နှာကို ဝင်ဖတ်တဲ့သူတွေ များလာအောင် လုပ်ချင်တယ်ဆိုရင် တခြားသူတွေ တင်ထားတာတွေနဲ့ ပတ်သက်လို့ ကွန်မန့်ရေးတဲ့အခါတွေမှာ အောက်ဖော်ပြပါ အချက်များကို လိုက်နာသင့်တယ်လို့ အကြံပြုလိုက်ချင်ပါတယ်။

၁။ ရေရေရာရာ ရှိပါစေ။ ပုဂ္ဂိုလ်ရေးအရ ရင်းရင်းနှီးနှီး ရေးသားတဲ့ ကွန်မန့်များကြောင့် ကိုယ်ဟာ သူပြောတာကို အမှန်တကယ် စိတ်ဝင်စားပြီး သူရေးထားတာကို ဖတ်ဖို့အတွက် ကိုယ်တကယ်အချိန်ပေးခဲ့တယ်ဆိုတာကို တစ်ဖက်သားသိသွားအောင် ပြဆိုလိုက်ရာ ရောက်သွားပါတယ်။ သည်လိုဆိုတဲ့ အတွက် ကွန်မန့်အရှည်ကြီးရေးပါလို့ ပြောလိုက်တာ မဟုတ်ပါဘူး။ သည်ကွန်မန့်ကို ရေးဖြစ်သွားအောင် ကိုယ့်ကို လှုံ့ဆော်ခဲ့ပုံလေးကို ရှင်းရှင်းလင်းလင်း ရေးပြဖို့ပါပဲ။ ကိုယ် မသိသေးတာ သိလိုက်ရတာလား။ ဒါမှမဟုတ် ကိုယ့်မှာရော အလားတူ အတွေ့အကြုံမျိုး ရှိခဲ့သလား။ ဒါမှမဟုတ် ကိုယ့်ရဲ့တခြား အမြင်တစ်ခုကို ပြောလိုက်ချင်တာလား။ ကိုယ်ရေးနေတဲ့ ကွန်မန့်နဲ့ သက်ဆိုင်တဲ့ မူရင်းရေးသူရဲ့ ဝါကျတွေကို တိုက်ရိုက် ပြန်ကိုးကားတန် ကိုးကားသင့်ပါတယ်။ ("မျက်တောင်အဖွင့်အပိတ်"နဲ့ သူရေးထားတာကို ပြန်ကိုးကားနိုင်ပါတယ်။)

သူရေးထားတာကို ရိုးရိုးလေးပဲ ခီးမွမ်းချင်တယ်ဆိုဦးတော့တောင်မှ ဘာကို ကြိုက်တယ်ဆိုတာကို ရှင်းပြသင့်ပါတယ်။ "အရမ်းကောင်းတာပဲ၊ ရှဲတဲ့အတွက် ကျေးဇူးပါ"ဆိုတာမျိုးလို မရေမရာ ရေးတာမျိုးကို ရှောင်သင့်တယ်။ ဘာပြောရမှန်းမသိဘူးဆိုရင် ကိုယ် သူ့ကို (သူရေးတာကို) ထောက်ခံအားပေးကြောင်းပြဖို့ လိုက်(ခ်)ဆိုတာလေး နှိပ်လိုက်ရင် ရတာပဲဟာနော်။

၂။ ကိုယ့်ဘလော့(ဂ်)ရဲ့ လင့်(ခ်)ကို ထည့်မရေးပါနဲ့။ ဘလော့(ဂ်)တွေမှာက ကိုယ်လည်း အဲဒီ ဘလော့(ဂ်)ဖွင့်ထားရာ ပင်မစာမျက်နှာကို သုံးနေတယ်ဆိုရင် ကိုယ့်နာမည်နဲ့ ကွန်မန့်ရေးလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်ဘလော့(ဂ်)နဲ့ အလိုအလျောက် ချိတ်ဆက်ပြီးသား ဖြစ်နေပါတယ်။ အဲတော့ နှစ်ခါပြန် ထည့်နေစရာ မလိုတော့ပါဘူး။ ပေါ်တင်ကြီး ကိုယ့်ကိုယ်ကိုယ် ကြော်ငြာတာမျိုးကို လူတွေက သိပ်မကြိုက်ကြတာမို့ လျစ်လျူရှုဖြစ်သွားကြမယ့် အလားအလာက ပိုများပါတယ်။ အဲတော့ကာ ကိုယ့်ကို ဇွတ်အတင်းကြော်ငြာတွေ လိုက်ထိုးနေသူလို့ မြင်သွားပြီး ကိုယ့်နာမည် ကိုယ်ဖျက်မိရာ မရောက်လေအောင် သတိထားသင့်ကြပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုယ့်ဘလော့(ဂ်)မှာ တခြား စာရေးသူတစ်ဦးကို ရည်ညွှန်းတဲ့အခါ သူတင်ထားတာရဲ့ ခေါင်းစဉ် ဒါမှမဟုတ် သူ့ဘလော့(ဂ်)ရဲ့ နာမည်ကိုသာ ဖော်ပြမယ့်အစား သူ့လင့်(ခ်)ကို ဖော်ပြပေးသင့်ပါတယ်။ အဲလို ဖော်ပြ ပေးလိုက်မယ်ဆိုရင် သက်ဆိုင်တဲ့ စာရေးသူအနေနဲ့ ကိုယ်က သူတင်ထားတာကို ရည်ညွှန်းခဲ့ကြောင်း နည်းပညာရဲ့ စောင်မမှုနည်းနဲ့ သိသွားနိုင်ပါတယ်။

၃။ ပြောထားတဲ့ အကြောင်းအရာကနေ မသွေဖည်ပါစေနဲ့။ မူရင်းတင်ထားတဲ့ အကြောင်းအရာနဲ့ မဆိုင်လှတာတွေဆီ သွေဖည်မသွားအောင် သတိထားသင့်ပါတယ်။ မူရင်းတင်ထားတဲ့ စာနဲ့ ဘာမှမဆိုင်ဘဲ တခြား ကွန်မန့်ရေးသူတွေနဲ့ အပြန်အလှန် ပြောဖြစ်နေပြီဆိုရင် မူရင်းရေးသူ တင်ထားတဲ့ အကြောင်းအရာကို စိတ်မဝင်စားတော့ဘဲ တခြားဟာကို အာရုံပြောင်းကုန်အောင် လုပ်မိသလို ဖြစ်နေကြောင်း အဲဒီ့လူတွေဆီကို သီးခြား မက်ဆေ့(ခ်)ပို့သင့်ပါတယ်။

သက်ဆိုင်ရာ လင့်(ခ်)တွေကို မျှဝေပေးတာက ကောင်းပါတယ်။ တစ်ခုပါပဲ၊ မူရင်း တင်ထားတာနဲ့ ဘယ်လို သက်ဆိုင် နေကြောင်းတော့ ရှင်းပြပေးဖို့ လိုပါလိမ့်မယ်။

၄။ ယဉ်ကျေးပါ။ ကိုယ် သဘောမတူဘူးဆိုရင်တောင်မှ စော်ကားတာ၊ ဆဲရေးတာ၊ တခြားမဖွယ်ရာတဲ့ စကားလုံးတွေ သုံးတာမျိုးဟာ ဘယ်တော့မှ မလုပ်သင့်တဲ့ အရာတွေပါ။ ရိုင်းပျတဲ့ ကွန်မန့်တွေဟာ ဘယ်ဆွေးနွေးချက်အတွက်မှ တန်ဖိုး မရှိပါဘူး။ ရေးသူရဲ့ အာဘော်ကနေ တခြားကို အာရုံပြောင်းသွားရုံသာ တတ်နိုင်ပါတယ်။ အပြုသဘောဆောင်တဲ့ ဝေဖန်ချက်ပေးတာ ဘာပြဿနာမှ မရှိပါဘူး။ ယဉ်ကျေးဖို့၊ ချေငံဖို့ပဲ လိုတာပါ။ အဲလို မလေးမစား၊ မဖွယ်မရာ ကွန်မန့်တွေ၊ ပြဿနာကို မီးထွန်းရှာတဲ့ ကွန်မန့်တွေကို တခြားသူတွေက ရေးလာရင်ဖြစ်ဖြစ်၊ ကိုယ့်ဘလော့(ဂ်)မှာ အဲလို ကွန်မန့်မျိုးရလာရင်ပဲဖြစ်ဖြစ် အဲလို ကွန်မန့်မျိုးတွေကို လျစ်လျူရှုလိုက်ပါ။ ဒါမှမဟုတ် ဖျက်သာပစ်လိုက်ပါ။ အဖက်လုပ်ပြီး တစ်ခုခု ပြန်ပြောနေမယ်ဆိုရင် အဲလိုလူတွေကို အားပေးအားမြှောက်လုပ်ရာ ရောက်ပါတယ်။ ဒ့ကြောင့် ကိုယ့်အချိန်ကို အလဟဿ အဖြစ် မခံပါနဲ့။

၅။ လိုတိုရှင်းပါ။ ကွန်မန့်က ကျစ်လျစ်လေလေ၊ တခြားသူတွေအတွက် ဖတ်ရတာ၊ ပြန်ရေးရတာ ပိုလွယ်လေလေပါပဲ။ အတော်များများမှာ ဝါကျနှစ်ကြောင်း၊ သုံးကြောင်းဆိုရင်ကို ပြည့်စုံနေပါပြီ။

သို့ပေမယ့် အကြောင်းအရာတစ်ရပ်နဲ့ ပတ်သက်လို့ အခိုင်အမာ အခြေအတင်ပြောချင်လာပြီး ပြောစရာတွေ အများကြီး ရှိလာတယ်ဆိုရင် ဘယ့်နှယ် လုပ်မတုံး။ ကွန်မန့်အရှည်ကြီး ရေးသင့်သလား။ ဒါမှမဟုတ်လည်း ကိုယ်ရေးချင်တာကို ကိုယ့်ဘလော့(ဂ်)မှာ အားရပါးရ ရေးပြီး ကိုယ်တင်ထားတာရဲ့ အတိုချုပ်ကိုပဲ ကွန်မန့်မှာ ရေးပြသင့်သလား။

ဒါကတော့ တစ်ဦးချင်းစီရဲ့ သဘောပါပဲ။ တချို့ ဘလော့ဂါတွေကတော့ ကွန်မန့်အရှည်ကြီးတွေက သိပ်လွန်လွန်းတယ်၊ အနှောင့်အယှက်ဖြစ်တယ်လို့ ယူဆကြပါတယ်။ တချို့ကကျပြန်တော့လည်း ဆွေးနွေးချက် အားလုံးကို တစ်နေရာတည်းမှာပဲ စုစုစည်းစည်း ရှိနေစေချင်ကြတယ်။ ခင်ဗျားကရော အဲဒါကို ဘယ်လို သဘောရသလဲ မသိဘူးနော်။

သူ့မူရင်းက အဲဒီ့နေရာမှာ ဆုံးပါတယ်။

မပြောရဲ ပြောရဲ

ကျွန်တော်လည်း ထပ်ဖြည့်ချင်တာ သိပ်မရှိတော့ပါဘူး။ သည်ဆောင်းပါးကြေးမုံမှာ ပါလာပြီးတဲ့နောက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးတို့ရဲ့ စာမျက်နှာများမှာ တင်လာတဲ့အခါကျမှသာ မိကောင်းဖခင် သားသမီးတွေ ဟုတ် မဟုတ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ဆက်လက်တွေ့မြင်ရဦးမှာကို မြင်ယောင်ကြည့်နေမိပြန်ပါတယ်လို့သာ မရဲတရဲနဲ့ ဇွတ်မှိတ်ပြောလိုက်မိရပြန်ပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့် မိကြောင်းပါခင်ဗျား။

> "လူမှုမီဒီယာ တွင်ကျယ်လာသလို အင်တာနက်ဆက်သွယ်ရေးကြီးက လူတိုင်းလိုလိုရဲ့ လက်ထဲမှာရောက်လာတဲ့ အခါမှာတော့ အင်မတန် ယဉ်ကျေးဖွယ်ရာလှပါတယ်ဆိုပြီး ဂုဏ်ယူတတ်တဲ့ ကျွန်တော်တို့ မြန်မာတွေထဲမှာလည်း အမိယုတ်က ပေါက်ဖွားလာသူတွေ အများအပြား မဟုတ်တောင်အုံ့နဲ့ ကျင်းနဲ့ ရှိနေတာကို တွေ့ရတယ်လို့ဆိုလိုက်ရင် တချို့တွေ အနာပေါ်တုတ်ကျပြီး ဆွေ့ဆွေ့ခုန် ကုန်ကြလောက်ပါတယ်။"

စုလျှားရစ်ပတ်လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစိုးနွယ်(ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) - ဒေါ်လေးလေးနွယ်တို့၏သားကြီး

မောင်စိုးမြတ်ဟိန်း

B.A(Myanmar):Second Years, (M.P.A)

Diploma in Tourism & Hospitality Management (Nanyang Institute of Management, Singapore).

Diploma in Customer Service Management

(The Institute of Commercial Management. Belgrade. Serbia)

စုံစမ်းရေးမှူး(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်မြို့)

နှင့်

ရန်ကုန်မြို့နေ

ဦးအောင်မင်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းချုပ်)-ဒေါက်တာ ဒေါ်ခင်သင်းသင်းတို့၏

တစ်ဦးတည်းသော သမီး

မခိုင်ခိုင်ဇင် @ Lute Kat

B.A(English),MBA, General Management (Thesis;)

Assumption University, Bangkok, Thailand

တို့သည် ၃၀-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စုလျှားရစ်ပတ်လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်စိုးမြတ်ဟိန်း-မခိုင်ခိုင်ဇင်

●●●●●●●●●●●●●●●●●●●●●●●●

အထူးကျေးဇူးတင်လွှာ

၃၀-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel၌ ကျင်းပပြုလုပ်ခဲ့သည့် မောင်စိုးမြတ်ဟိန်းနှင့် မခိုင်ခိုင်ဇင်@Lute Katတို့၏ စုလျှားရစ်ပတ်လက်ထပ်မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ခဲ့ကြသည့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှန်၊ ဒုတိယသမ္မတ ဦးဘက်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ စုလျှားရစ်ပတ်လက်ထပ်မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့ပြီး မင်္ဂလာသဘင်နာယကကြီးအဖြစ်ဆောင်ရွက်ကာ ထိမ်းမြားလက်ထပ်ပေးခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မင်္ဂလာအောင်စံပါယ်ပန်းကုံးများ ချီးမြှင့် ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းဝတ်ဆင်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်အားပေးခဲ့ကြသော ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ စစ်ဥပဒေချုပ်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး၊ တပ်ထိန်းချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ UMFCCI/MIA မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့၊ CEC, ECများ၊ စစ်တက္ကသိုလ်အမှတ်စဉ်-၁၉မှ သူငယ်ချင်းများနှင့် ဇနီးများ၊ ပြည်ပနိုင်ငံများမှ တကူးတက ကြွရောက်ချီးမြှင့်ကြသည့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ မိတ်ဆွေများ၊ စစ်ဘက်နယ်ဘက်မှ မိတ်ဆွေသင်္ဘောများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဘောများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာ လက်ဖွဲ့များပေးပို့လာကြသည့် ဆွေမျိုးမိတ်သင်္ဘောတို့ကိုလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ မင်္ဂလာပန်းကြဲပေးသော မရှုမငြီးအောင်နှင့် မဟန်ဇာတင်မောင်အေး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုစန္ဒီသိန်း၊ မင်္ဂလာပန်းကုံးများ ကိုင်ဆောင်ပေးပါသော မဆုအိန္ဒြာခင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ကိုစိုးမြတ်ထွဋ်နှင့် ဗိုလ်ကြီးရဲမင်းဦး၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မဆုဆင့်နေနေနှင့် မပိုးအိချစ်၊ မိတ်ကပ်ဆံပင်၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော တိုးတိုး(Cover Mark)၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးပါသော ပီတာနှင့်အဖွဲ့၊ ရဲထွဋ်(Photography)၊ ကိုနိုင်လင်း၊ ပန်းအလှဆင်ပေးပါသော လင်းလင်း၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဉည့်ခံပေးပါသော ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ရန်အောင်နှင့် ဟေမာနေဝင်းတို့အားလည်းကောင်း၊ ၂၈-၁-၂၀၁၆ရက်တွင် ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ မြစ်ပယ်လမ်းရှိ ဝိဇ္ဇောတာရုံဘုန်းကြီးကျောင်းတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ White Rice Restaurantတွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာကြသော နှစ်ဖက်သော ဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မေတ္တာဖြင့်ပါဝင်ကူညီပေးပါသော ဒေါ်တင်မိုးလွင် (Talent & Model)အား လည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဘောများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်

မောင်စိုးမြတ်ဟိန်း-မခိုင်ခိုင်ဇင်@Lute Kat

ကြော်ငြာ

Asia Top 09943164118,09421099574,098635520

- ပန်းရွှေဝက်တော်ပွင့်ပွဲနှင့် ပကွေးပြသလွန်၊ ကျောင်းတော်ရာ၊ ဓဏ္ဍီန်းတဲ၊ နဂါးပွက် 45000
- ရွှေဝက်တော်ပွင့်ပွဲနှင့် အာလောင်းတော်ကဿပ၊ ဝစ်ကိုင်း။ ပုံရွာ လမ်းဘုရားစုံ 75000
- အာလောင်းတော်ကဿပ၊ ပန္တလေး၊ ဝစ်ကိုင်း။ ပုံရွာ 65000 ဆက်ဘီ-ပြင်ဦးလွင် 75000
- ရွှေဝက်တော်ပွင့်ပွဲနှင့် ပုဂံ (ဓွယ်တော်လေးဈေ)၊ ညောင်ဦး၊ ပဖွယ်၊ ပခုက္ကူ၊ သီဟိုဠ်ရှင် 80000
- တောင်ကြီး၊ အင်းစေး၊ ပင်းတယ၊ ကုံလုံ၊ ထမိုမင်း၊ ကဇွန်း၊ တောင်ကြီးတောင်ဝယ်တန်းဘုရားစုံ 70000
- ပုဂံ (ဓွယ်တော်လေးဈေ)၊ ညောင်ဦး၊ ပဖွယ်၊ ပခုက္ကူ၊ သီဟိုဠ်ရှင် 65000
- ပန္တလေး၊ ပြင်ဦးလွင်၊ ဝစ်ကိုင်း၊ ပုံရွာ၊ ဝေဒရာစေကျောက်ခဲမိမိးခေတီ 70000
- ထားဝယ် ရှင်ကိုးရှင်၊ ဖောင်းမကန်ကမ်းခြေ၊ ဖယ်ကရင်၊ ဓကိုင်ကမ်းခြေ 100000
- ဖော်လမြင်း၊ ကရိုကျွမ်း၊ ဝက်ခဲ လမ်းဘုရားစုံ ခရီးစဉ်အားလုံး Feb 5,11,19,26 ထွက်မည်

ခရီးစဉ်အားလုံး-တစ်ဆင့်သွားဖောင်တက်ကားဝေ၊ ဝက်လှေ အားလုံးခရိတ်ဖြင့်မိုး ကားမျိုးစုံစီးလုံးဘုံးစီစဉ်ပေးပါသည်။

အမည်ပြောင်း ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ အနောက်စုရပ်ကွက်နေ ဦးကိုကိုငွေး၏သား ဦးဇေမင်းထွန်း [၁၁/မအန(နိုင်)၀၃၀၄၈၁]အား ဦးကျော်မင်းထွန်း ဟုခေါ်ဆိုပါရန်။

ဦးကျော်မင်းထွန်း

ဝန်ထမ်းအမြန်အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

အိမ်တွင်းအလှဆင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ Strategic planner ကျား(၅)ဦး
- Strategic ပိုင်းအတွေ့အကြုံလုပ်သက်အနည်းဆုံး (၅)နှစ်ရှိရမည်။ စိန်ခေါ်မှုများကို လက်တွေ့ အောင်မြင်စွာဖြေရှင်းနိုင်ရမည်။
- Theory ပိုင်းထက် လက်တွေ့အတွေ့အကြုံရှိပြီး အကောင်အထည်ဖော်နိုင်ရန်လိုပါသည်။
- Penetration Skill ရှိရမည်။ အသက်(၃၅)နှစ်ဝန်းကျင်ပိုင်းဖြစ်ရမည်။
- ခံစားခွင့် (၅ သိန်းမှ ၁၅ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)

၂။ Professional E-commence ကျား/မ(၅)ဦး
- အင်တာနက်ပိုင်းကျွမ်းကျင်ပြီး marketing ပိုင်းလုပ်ဆောင်နိုင်ရန်လိုအပ်သည်။
- E-marketing ပိုင်း ထိုးဖောက်နိုင်စွမ်းရှိရမည်။
- ကိုယ်တိုင် website design ရေးဆွဲနိုင်ရမည်/ဆန်းသစ်သောအကြံဉာဏ်ရှိရမည်

၃။ professional market researcher ကျား(၆)ဦး
- သတ်မှတ်ထားသော ရာထူးအလိုက် အရည်အချင်းပြည့်မှီရမည်/လုပ်သက် (၇)နှစ်အထက်၊
- Project/Product Plan အား ကိုယ်တိုင်ရေးသား အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- ခံစားခွင့် (၅ သိန်းမှ ၁၀ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်။)

၄။ Training Manager ကျား(၅)ဦး
- သင်တန်းသားများအား စနစ်တကျအုပ်ချုပ်နိုင်သူဖြစ်ရမည်။
- တိကျသောစည်းမျဉ်းစည်းကမ်းများ ရေးဆွဲလိုက်နာနိုင်သူဖြစ်ရမည်။ အဆောင်တွင်နေထိုင်နိုင်သူဖြစ်လျှင် ပိုဦးစားပေးမည်။
- သင်တန်းပိုင်းလုပ်သက် (၅)နှစ်အထက်ရှိရမည်။ အသက် (၃၀)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။ ခံစားခွင့်(၃သိန်းမှ စသိန်း)(ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)

၅။ product leader ကျား/မ(၁၀)ဦး
- ဘွဲ့ရဖြစ်ရမည်။ Computer ပိုင်းနှင့် english ပိုင်းကျွမ်းကျင်ရမည်။
- Slae& Marketing လုပ်သက် (၅)နှစ်အထက်ရှိရပါမည်။
- နယ်နှံ့ခွဲများတွင်သွားရောက်၍ တာဝန်ထမ်းဆောင်နိုင်ရမည်။
- မိမိ Product ကိုအောင်မြင်အောင် ထိုးဖောက်နိုင်စွမ်းရှိရမည်။
- ခံစားခွင့် (၃ သိန်းမှ ၅ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိသည်)

၆။ ကြေပြား ခင်း/ကပ် အဖွဲ့ငယ်ခေါင်းဆောင်(ကျွမ်းကျင်အဆင့်) (၁၀)ဦး
- အနည်ဆုံး လုပ်သက်(၃)နှစ်၊ အဆောင်စီစဉ်ပေးမည်။
- ခံစားခွင့် (၃ သိန်းမှ ၆ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)

၇။ Granite /ဂရက်နိုက်ကျွမ်းကျင် (၁၀)ဦး
- Granite ပိုင်းအားလုံးဖောက်ဆက်ကျွမ်းကျင်ရမည်။ လုပ်သက်(၃နှစ် မှ ၅နှစ်)အတွင်း
- ကျန်းမာသန်စွမ်းရမည်။ လူအများနှင့်ဆက်ဆံရေးကောင်းမွန်စွာဆက်ဆံနိုင်ရမည်။
- ခံစားခွင့် (၂ သိန်းမှ ၃. ၅ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်)

၈။ Advertising & promotion Manager ကျား/မ(၃)ဦး
- ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်/ရုပ်ရည်ပြေပြစ်/အင်္ဂလိပ်စာကျွမ်းကျင်
- အတွေ့အကြုံ (၅)နှစ်အထက်/Sale & marketing သဘောတရားများကျွမ်းကျင်သူ
- ခံစားခွင့် (၃သိန်းမှ ၅ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်။)

၉။ ကားမောင်းကျွမ်းကျင် ကား(၆)ဦး
- ကားအကြောင်း ကိုယ်တိုင်သိရှိပြီး/ပြည်ထိန်းသိမ်းခြင်း/အခြေခံလစာ+ခံစားခွင့်
- မှန်ကန်သောလမ်းကြောင်း ရေးဆွဲပေးနိုင်ခြင်း/အတွေ့အကြုံ (၅)နှစ်အထက်
- လျှောက်ထားလိုသူများသည် ၃၀-၂-၂၀၁၆ ရက်အထိ

အမှတ်(၁၁)၊ မင်းကြီးလမ်း အင်းစိန်ဆေးရုံဘေး၊ ဆေးရုံမှတိုင် cv.reserve@gmail.com Emailနှင့်လည်းပေးပို့နိုင်ပါသည်။ (သို့မဟုတ်)နယ်တွင် နေထိုင်သူများ စာတိုက်၊ လူကြုံဖြင့် ပေးပို့နိုင်ပါသည်။ (သို့မဟုတ်) နယ်သမားများ မေးမြန်းစုံစမ်းလိုလျှင် ဖုန်း-၀၉-၇၉၅၈၉၉၉၅၈၊ ၀၉-၂၅၄၂၂၅၀စသို့ (နံနက် ၈း၃၀မှ ညနေ ၄း၃၀)အတွင်း ဖုန်းဆက်ပါ။

မှတ်ချက် ။ ။ နယ်မှလာသူများအားလုံးအတွက် အဆောင်စီစဉ်ပေးပါမည်။

ဆေးအောင်မှ အဆောင်တွင်နေထိုင်ခွင့်ပေးပါမည်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၂။ ဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။ ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီး ဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နည်းဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူပြည်သူလူထုများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတ္တု/ကျောက်မျက်ရတနာလုပ်ငန်းများနှင့် ပတ်သက်သူ Stakeholder များအနေဖြင့် အကြံပြုချက်များကို ၆-၃-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်-

(က) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ — ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ နုံးအမှတ်(၁၉)၊ နေပြည်တော်။

(ခ) မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ — ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်။

၃။ လွှတ်တော်မှ အတည်ပြုထားသည့် မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်သည့်ဥပဒေကို ၂၆-၁၂-၂၀၁၅ ရက်နေ့မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ဝန်ကြီးဌာန၏ website ဖြစ်သည့် (www. mining.gov.mm)တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုရလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

SKY STAR Automobile Service

ကားအမျိုးမျိုးကို စိတ်တိုင်းကျ ပြုပြင်ပေးသည့် အဆင့်မြင့် Workshop

ဆတ်သွယ်ဓါ	ဝန်ထမ်းအလိုရှိသည့်
ကားများကို လချုပ်ဖြင့် ပြုပြင်လိုသောကုမ္ပဏီများ	၁။ ကျွမ်းကျင်စက်ဆရာအဆင့် ၂။ အလုပ်သင် - သင်တန်းသား

အမှတ် (၃၆၉)၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
09255 880 700 (9:00 AM - 5:00 PM) 09255 880 800

အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။
09 253582510

တိုက်ခန်းအမြန်ရောင်းမည်

စမ်းချောင်း၊ မကြီးကြီးလမ်း၊ နေရာကောင်း ပေ(၁၃½ × ၆၀)၊ 2 F BR (2), ဘိုထိုင်၊ AC, **သိန်း ၇၅**

ဖုန်း-၀၉-၃၁၀၅၆၇၅

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း၊ ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တရားရုံးတော်

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈နှင့်ဆက်နွယ်သည့်

၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၃

ဒေါ်ကာလာဝသီ — **ဒီကရီအနိုင်ရသူ**

နှင့်

ဒေါ်မြစန္ဒာ — **တရားရုံး**

အမှတ်(၉၀၇/၉၀၈)၊ ဓမ္မစေတီလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ကာလာဝသီက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၇၇ ခုနှစ်)၊ တပို့တွဲလဆန်း ၁၁ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးချမ်းဝိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ဒလမြို့နယ်တရားရုံး

ဆရာကျော် ရန်ကုန်တက္ကသိုလ် ဗဟုသုတ(၅)ရက်စီမံ

ရွှေရာသီ စာစီစာကုံး (မှု၊ လယ်၊ ထက်)

စာလုံးပေါင်းသင်္ချာမှန်ကန်စွာမြင့် အဆင့်အတန်းရှိသော စာစီစာကုံးလေ့ကျင့်ရေးနှင့် တစ်ဦး ချင်းသင်ကြားပေးနေပါပြီ။

အမှတ်(၁၆)၊ တတိယထပ်၊ သုခမိန်လမ်း၊ စမ်းချောင်း။
01-508203, 09 5078302, 09 450061609

PANDA Since 1999
AIR-CON SALE & SERVICE CENTRE
Air-Con အသစ်များကို Dealer ဈေးနှုန်းအတိုင်း ရောင်းပေးပါသည်။
Good 2nd Hand Air-Con များကို ရေနှုန်းချိုသာစွာဖြင့် ရောင်းပေးပါသည်။
အမှတ် ၁၃၀၊ ဧဒုလမ်း၊ ဒေါ်သိန်းတင်ဘက်ထိပ်၊ မဂ်လာတောင်ညွှန့်။
09 7322 9024, 09 515 8803, 09 519 8402

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန

နိုင်ငံခြားသင်္ဘောကြီးများသို့ ရိက္ခာပေးသွင်းရန် အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ကိုင်တွယ်ရသော နိုင်ငံခြားသင်္ဘောကြီးများအတွက် လိုအပ်သော ရိက္ခာများ ပေးသွင်းခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဤဌာနရှိ ရှင်း/ပို့ ရိက္ခာဌာနစုတွင် နုံးချိန်အတွင်း အမျိုးသား/နိုင်ငံသား မှတ်ပုံတင်ကိုင်ဆောင်ထားသူပြည်ထောင်စုမြန်မာနိုင်ငံသားများ လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက် ၂၂-၂-၂၀၁၆ ရက်၊ ဧရာ၃၀ နာရီမှ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ကိုယ်စားလှယ်လုပ်ငန်းဌာန အစည်းအဝေးခန်းမရှိ အိတ်ဖွင့်တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်စားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါကော်မတီ
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၃၅)၊ အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်းနံပါတ်-၂၃၀၁၁၈၇

သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်ရှိ ပုံစံ(၈)ဝင် အခြားသစ်/ခွဲသား(၂၄.၃၀၉၈)တန်အား ရောင်းချရန်လေလံကြော်ငြာ(၂၉၊၃၀၊၃၁/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှ၊ ဘုတ်ဖိုနှင့် ကြို့ပင်ကောက်မြို့များမှ ပုံစံ(၈)ဝင် အခြားသစ်/ခွဲသား (၂၄.၃၀၉၈)တန်အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၌(၁၁.၂.၂၀၁۶)ရက်နေ့နံနက်(၁၀း၀၀) နာရီတွင် လက်ရှိ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (ပုံစံ(၈)ဝင်ပစ္စည်းများအား တိုင်း ကျော်သယ်ယူခွင့်မပြုပါ)

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကြော်ငြာပါသည့်နေ့မှစ၍ (၉.၂.၂၀၁۶)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဝယ်ယူနိုင်ပြီး မြန်မာ့စီးပွားရေးဘဏ်၏ ငွေပေးအမိန့်လွှာ(PO Cheque) နှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး ၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင် ၊ ဖုန်းနံပါတ် - ၀၅၅ - ၃၀၂၄၃၂၊ ၀၅၅ - ၃၀၃၂၂၁၊ ၀၅၅-၃၀၀၃၃၂၊ ၀၃၅-၅၀၀၃၃၈၊ ၀၅၅-၅၀၀၂၂ သို့ ဆက်သွယ်စုံစမ်းနိုင် ပါသည်။

ဒေါ်ဘဘ
လေလံတင်ရောင်းချရေးကော်မတီ

အများသိစေရန်ကြေညာချက်

၉-၁၀-၂၀၁၄ ရက်က စာချုပ်စာတမ်းမှတ်ပုံတင်နုံး၌ ၂၅၅၃ ခု ဖြင့် ဦးသီလာစာရမှ ဒေါ်အုန်းအုန်းတင့်ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းအား ၃-၂-၂၀၁۶ရက်တွင် ဒေါ်အုန်းအုန်းတင့်မှ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အုန်းအုန်းတင့်
[၁၂/ဥကမ(နိုင်)၀၁၆၁၄၈]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၁၄၊ (၃)လွှာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ အဖ ဦးမောင်မောင်၊ အမိ ဒေါ်ခင်လှ၏ သားဖြစ်သူ မောင်ဖိုးဇော်ဦး(ခ)ဂျွန်ဖြိုး (MTNT-029843)သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ အကြောင်းအမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး၀ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)
ဦးမောင်မောင်-ဒေါ်ခင်လှ

ကြော်ငြာ

ခေတ်အဆက်ပြိုကြီးမားသော ဓနချောင်းသာ (စား/တည်း-ငြိမ်း) (2/3)-45000

ကောင်ကြီး၊အင်းလေး၊ပင်းတယ၊အေးမြတော်ကဏ္ဍ(၄)ရက်-၅၅၀၀၀လျှိုင်ကောင်ပါ(၅)ရက်-၆၅၀၀၀ ဘဏ္ဍာတော်တွင်ပွဲ(၃၅၀၀၀)ဆက်၍ ပုဂံဈေးဟောင်းတော်လေးဆူးအလောင်းဆက်ကသေး (၈)ရက်-၇၀၀၀ မန္တလေးပြင်ဦးလွင်စစ်ကိုင်းခရိုးရှည်အလောင်းဆက်ကသေး(၉)ရက်-၇၀၀၀ ပုဂံသောင်ဦးဈေးဟောင်းတော်လေးဆူ (၃)ရက်-၅၅၀၀၀ ခရီးစဉ်ပျိုးစုံ(ဆတွေက် ကားစီးလိုးဌာနတို့ - ၂၀၀၀ တိုးတိုးအကောက်တောင်နယ်ပြည်ဘုရားတို့ - ၂၀၀၀

09-450765726,09-781076743, 09-259113195 ကြိုတင်ဈေးကြေးမတ်ရောင်းပါမည်။

အင်းလေးခွန်သူ (Travels & Tours)

အဆင့်မြင့်ဘုရားဖူးခရီးသွားလေယာဉ်

ပုဂံ၊ စွယ်တော်လေးဆူ၊ မြည်ဦးမြို့ကြီး၊ ပုပ္ပါး၊ မနုလှ	(Feb-19/March-4/18)	100,000/-
ထားဝယ်၊ ရွှင်ကိုရွှင်၊ ဖောင်းမကန်	(Feb-11)	115,000/-
အလောင်းတော်ကသေး၊ မန္တလေး ခစ်ကိုင်း၊ ကျောက်နမ်း	(March-4/18/25)	125,000/-
အလောင်းတော်ကသေး၊ မြင်ဦးလွင်	(Feb-20)	145,000/-
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထပ်စမ်း၊ ကလူ (Feb-25)		135,000/-

(ကုန်းစီးရန်၊ ဦးဆင်လုမြစ်ကြီး ကျွန်းစုံမုန်းဆေး ညာဆိပ်ကုန်းတည်း ရဲသူဘောမ ပြိုင်ပဲးတည်း)
ကုလားမြေကောက်ထည်း ပင်ထန်ရစ်ရွာ စီးပင်ဈေးသည်း ဘရာဇဝ်ယုရွာအတွက်တည်း စီးပင်ဈေးသည်း

Ph : 09 979252121,09 421030814,09 979252020,09 979252424

Diamond View

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (ဌဉ္ဇာဒိပ်)၊ ရှရက် အထူးခရီးစဉ်

စက်လှေအေပါအဝင် စရိတ်ငြိမ်း - ၃၀၀၀၀ဒေါ်/- (Hotel - ၁၂၅၀၀ဒေါ်)

၁၁.၂.၂၀၁၆ ရက်နေ့, ည(၇၊၀၀)နာရီတွက်, ၁၅.၂.၂၀၁၆ ရက်နေ့, မနက်ပြန်ရောက်မည်။

ဖော်လမ်ပြင်၊ ကျိုတူမီ၊ ခက်ခဲ ၊ဧင်းတျိုက်ရေတံခွန် (၂၇.၂.၁၆) (ပန်းချီပြင်) (၃၅၀၀၀ ကျပ်)

ခုံးခန်ထမ်းများနှင့်မယူရန်မလို

ဝန်ဆောင်မှု - မန့်လယ်စာ၊ ညစာ၊ ရေသန့်၊ စနိုးတာဝါ

PH: 09-251009105, 09-799754960, 09-5128075, 09-250492782

အမည်ပြောင်း

ဦးမိုးလှိုင် [၁၂/အလန(နိုင်)၀၂၇၀၄၂]၏ သား အထက(၄)အလုံ၊ နဝမတန်း(ဒ)မှ မောင်ကျော်မိုးဟံအား မောင်ဟိန်းခန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟိန်းခန့်ဇော်

ကျေးဇူးသပ်ပါမည်

ကျွန်တော် ဦးစိုးမိုးအေး [၁၂/မဂတ(နိုင်)၀၀၂၅၆]၏ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့် စာရွက်စာတမ်းများပါသော (ဖိုင်)၂-၂-၂၀၁၆ ရက်က ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၅၀၀၁၄၇၂၉

မဟာပြန်မာ ဗုဒ္ဓဂယာ၊ထိုင်း၊ကမ္ဘောဒီးယား၊ဗီယက်နမ်၊သီရိလင်္ကာ

ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Mar 11,25 , Apr 8,9,11,12 (သင်္ကြန်ခရီးစဉ်)

ဝန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅သိန်း ၃ရက်-၅ရက်-၇ရက် သင်္ကြန်ခရီးများစီစဉ်ပေးပါသည်။

ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး(လေယာဉ်ဖြင့်) - ဗီယက်နမ် ၃ ရက်ခရီး ၁၃ သိန်း

သီရိလင်္ကာစွယ်တော် ဝန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း Mar - စွယ်တော်ပွဲ စာရင်းပေးသွင်းနိုင်ပါသည်။

ပိတ်ရက်ခရီးများ

ပြန်မာတိုင်း ပြည်ဘဉင်း အဆင့်မြင့်ခရီးသွား Feb- 11,12,13,14 ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး ၊ ပုဖျား၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ရန်ကုန် -(၃၈)၊ ရွှေလမ်း/ ဆဘုရားဖျားလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်ပြိုနယ်။ ဖုန်း - ၂၂၇၃၂၂၂ ၀၉ ၄၉၂၂၉၇၁၇ ၊ ၀၉ ၅၇၂၇၅၅၉ ၀ မန္တလေး - ၄၁၃၊ ၈၂ လမ်း ၊ ၃၂ - ၃၃ ကြား ၊ ချမ်းအေးသာစံပြိုနယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၅၃ ၊ ၀၂ ၃၄၆၄၄ ဟော်လမ်ပြင် - အမှတ် (၄၇) ၊ ဇိုလ်ချမ်းအောင်ဆန်းလမ်း ပြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၀၀၀၂၅၆ ၊ ၀၉ ၈၇၀၀၃၀၈၀

မန္တလေးမှတန်ကောက်၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

ကျေးဇူးသပ်ပါမည်

ကျွန်တော် ဦးစိုးမိုးအေး [၁၂/မဂတ(နိုင်)၀၀၂၅၆]၏ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့် စာရွက်စာတမ်းများပါသော (ဖိုင်)၂-၂-၂၀၁၆ ရက်က ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၅၀၀၁၄၇၂၉

အလက(၆)သယ်နှုန်းကျွန်း[ယခင်-အမက(၂၈)သယ်နှုန်းကျွန်း] မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ(ပထမအကြိမ်)

အလက(၆)သယ်နှုန်းကျွန်း[ယခင် အမက(၂၈)သယ်နှုန်းကျွန်း]ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၁၂-၂-၂၀၁၆ ရက်(သောကြာ နေ့) နံနက် ၉နာရီတွင် အလက(၆)သယ်နှုန်းကျွန်း၊ နဝရတ်ဆောင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉စဉ့မှ ၂၀၁၅ထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ဂါရဝပြုခံရန်နှင့် ကျောင်းသား/သူဟောင်းများအားလုံး (မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ-ပါသည်။ အလျှောင်ထည့်ဝင်လိုပါလျှင် ဒေါ်သန်းဌေးဦး -၀၉-၄၃၀၅၃၃၀၆၁၊ ဒေါ်ဝါဝါလွင် ၀၉- ၂၅၂၂၆၉၅၅စတို့ကို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

(၃၇) နှစ်မြောက်မင်္ဂလာဆုတောင်း

ကိုးကွယ်တာချင်းမတူပေမဲ့ နားလည်ပေးတာချင်းတူခဲ့တယ်။ တစ်ယောက်ရဲ့ အပြစ်ကို နောက်တစ်ယောက်ရဲ့ အချစ်က ဖုံးခဲ့တယ် ကွဲစေချင်တဲ့လူတွေကြား ယခုထိ မြဲနေတဲ့ လက်တွေကို အားကျမိ တယ်။ ဖေဖေ-ဦးညီညီနဲ့ မေမေ-ဒေါ်မော်လီတို့ နောင်နှစ် (၁၂၀) တိုင် ချစ်ချစ်ခင်ခင် နေသွားနိုင်ပါစေ။

ချစ်သမီးများ-
- သမီးကြီး - ကိုမြင့်ကို + မနေနေလင်း
- သမီးငယ် - မယုယုမော် (ခေတ္တာ-စင်ကာပူ)
- ချစ်မြေးလေး - မောင်ဖြိုးညီညီ

Happy Chinese New Year 2016

Tah Lee Gold

ငါးမူးပြား

တစ်ကျပ်ပြား

ခိန်ရွှေရတနာဆိုင်

"ဆိုင်ဖွင့်ဖျိန်" နံနက်(၉)နာရီ ၇ ညနေ(၆)ဆုတ(၁)အထိ

ရွှေလက်ဖတ် ဒီဇိုင်းဆန်းလေးများ

Tah Lee Gold & Jewellery

(8 . 2 . 2016 မှ 10 . 2 . 2016 ထိ) ဆိုင်ဝိတ်၍ (11 . 2 . 2016) ဆိုင်ပြန်ဖွင့်ပါမည်။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကဟရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၆၂၁၄၄၊ ၅၁၂၉၂၂၂၊ ၅၀၅၁၄၄၄၊ ၅၁၂၆၉၆

လိုင်သာယာ လမ်းမပေါ် တိုးလင်ဂိတ်အနီး မြေ (၁) ဧက ကျော်ငှားမည်။

ဆက်သွယ်ရန် - ၀၉ ၅၁၇၆၅၅၅၅ /၀၉ - ၅၁၇၆၅၅၇၃

LCCI - EDI (UK) ယဉ်ကြီးမြင့်ဌာနထူးချွန်သင်တန်းတက္ကသိုလ်

အီးယားပန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

LCCI Level 1-2-3 စာရင်းကိုင်သင်တန်း

2016-June Series (February)တန်းခွဲသစ်များ(6.2.2016)ဝယ်။

(ခ)(ခ)(ဌ)(ဌ) ၄၂ -လမ်းထိပ်၊မဟာဇေယလမ်း၊ ဝိုလ်တဲထောင်ပြိုနယ်၊ ရန်ကုန်ပြို့။

လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်ပြိုနယ်၊ ရန်ကုန်ပြို့

09-5118647-73009869-73013432-73028433

ကျေ ရှေ့ သိပ်

Ever One

ဝေးထုတ်ဝန်ဆောင်ရှုထုပ်ဝန်းမှ ကျည်ဆီးမင်းတို့ စိတ်တိုပ်းတျ ဝတ်တီ၊ (၂)ထပ် ဝန်ဆောင်ရှုများခြင့် ထီးထား၊ ရေထား၊ ဒေါ်လစ်တို့ကို ထျန်းထျပ်ပိုင်ပိုင်ရှာ ဒေါ်ဆောင်ရှုတ်ဝေ၊ဒေ့ဝါတည်။

(၃)မေတ်လည်ပ	Unitex	100-150-250
ကျည်းလက်ဝ	Orient	200-250-300-350
အပြီးဆစ်	Premier	250-350-400-450
	ICI	350-450-550-600
	Nippon	400-450-550-600

ရန်ကုန်ပြို့ လိုင်သာယာ ဒီဇလက်ဆူး အမှတ်(၃)ရပ်ကွက် ကျည်းတလမ်း

PH: 09-792461591, 09-783275526,09-978764623

မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

Ph:09-260664480,
09-260664490

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-730 97123
09-450026077

ငှားမည်

မြို့လယ်မြေညီတိုက်ခန်း၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)ပေ(၁၂×၅၀) Hall Type, Phone ပါ၊ Power Meter ပါ။

ဆက်သွယ်ရန်

ဖုန်း-၀၉-၃၁၆၃၂၀၀၉ ၀၉-၇၉၉၃၄၅၄

ငှားမည်

ပေ(၁၂၅×၅၀) မြေညီထပ်၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော် မြို့နယ်၊ ဖုန်း-၀၉-၅၄၁၈၄၄၂

၀၉-၂၅၀၃၃၈၃၃

အပြန်ရောင်းမည်၊ ငွေရှင်းအတွက် အကောင်းဆုံးအခွင့်အရေး

ဒဂုံဆိပ်ကမ်း သံလွင်လမ်းမကျောကပ်၊ (၉၀)ရပ်ကွက်၊ ရောင်း သိန်း ၃၀၀၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ (၉)ကွက်တွဲ ရောင်း သိန်း ၁၂၀၀၊ (၆၆×၆၇)ကြား၊ ၄၂လမ်းထောင့်၊ မဟာမြင်စေးရှေ့ တိုက်တန်းရှေ့၊ မန္တလေးမြို့၊ ရောင်း သိန်း-၉၀၀၀

ဖုန်း-၀၉-၅၀၃၁၈၆၂ ၀၉-၇၉၀၇၅၅၂၆၆၊ ၀၉-၂၆၃၀၇၅၅၅၆

(ပွဲစားမလို၊ ပိုက်နာစေးဖြင့်ရောင်း၊ စေးဆစ်ခြင်း သည်းခံပါ။)

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် BB-3266 ၏ ကားဝိုးတက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက 09-260694673 သို့ ဆက်သွယ်အကြောင်းကြား ပေးပါရန်။

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့ L-61

တန်ဖိုးသင့်တိုက်-ဘေး

ကွန်ကရစ်လမ်းဘေး

၂ - ကွက်တွဲ

ပိုင်ရှင်ကိုယ်တိုင်ရောင်း

09 7878 66699

09 3020 9977

ဦးထွန်းဦး+ဒေါ်ဝင်းမာ **TV (ရန်ကုန်)**

အမျိုးသား / အမျိုးသမီး

ကားမောင်းခက်ပြင်သင်တန်း

၁။ No.97 ။ဗညားဒလလမ်း။(၄လမ်းမှတ်တိုင်နှင့်မဆလာခက်မှတ် တိုင်အနီး)

၂။ မဆလာခက်မှတ်တိုင်ရှေ့

၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-260111942

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင်

TV (ရန်ကုန်) နှင့် သင်လိုက်ပါ။

ငါးကန် (၂၅၀) ဧက

ရောင်းမည်/ငှားမည်။ ကတ္တရာလမ်းမဘေး ၀၉ ၇၈၇၈ ၆၆၆၇၇

ရောင်းမည် (ညှိနှိုင်းစျေး)

အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာနေသော သိလဝါ မြန်မာ-လျှပန် အထူးစီးပွားရေးဇုန်အနီး သန်လျင်၊ လက်ယက်စမ်း၊ လမ်းကျယ်၊ ဥယျာဉ်ခြံမြေ ''ဝ ၁သမ ၃၃'' ဧက (၇၅ ပေ×၁၉၅ ပေ) အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်၊ တစ်ထပ် B/N၊ ရေ/မီးစုံ၊ စေ့ား၊ ကျောင်း နီး၊ လူနေ/လုပ်ငန်းသင့်လျော်။ အုတ်၊ သဲဆန်ကာခြံစည်းရိုးခတ်ပြီး၊ လူနေရပ်ကွက်များအလယ်တွင်ရှိ။

(အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။)

ဖုန်း - ၀၁ ၅၅၁၄၄၄၀၊ ၀၉ ၇၉၄၂၆၃၃၄၀၊ ၀၉ ၂၅၀၁၃၃၁၂၆၁။

နိုင်ငံခြားသားများနေထိုင်ရန် အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်းအိမ်နှင့် Condo အခန်းများ အမြန်ငှားလိုပါသည်။

Ph 09402726983, 09780077335

ငှားမည်

ဗိုလ်ရာညွှန့်လမ်း ပထမထပ်၊ ၁၂ ပေ × ၅၀ ပေ၊ HK ၂ လွှာ၊ ပရိဘောဂပစ္စည်းစုံ (၁၃ သိန်း)

ဖုန်း - ၀၉ ၅၁၃၃၃၃

ခွေးရောင်းမည်

Rottweiler , Domberman, Pug အင်းခွေးသားပေါက် ရောင်းမည်။

Ph:09-31651935

"တစ်နေ့တာ တရားအလုပ်ပွဲ ဖိတ်ကြားစာ"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း။ သုခလမ်းနှင့် ဝမ္မပါလလမ်းပေါ်တွင် တည်ရှိသော သမ္ဘည္ဝုတိုးတော်ကြီး (ရန်ကုန်)+ဝမ္မေသကစာသင်တိုက် အင်းဝအုတ်ကျောင်းတော်ကြီးအတွင်းတွင် ဆရာတော်ဘုရားသုမန (မဟာကမ္မဋ္ဌာနစရိယ) မိုးကုတ်ဝိပဿနာ မဂ္ဂင်ဝမ္မရိပ်သာ၊ သီရိသုမနချောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့ ဆရာတော်ဘုရားမှ ၁၃၇၇ ခု တပို့တွဲလဆန်း(၂)ရက် (February 10, 2016) ဗုဒ္ဓဟူးနေ့ နံနက် (၅)နာရီမှ ည(၈)နာရီအထိ တရားဟော၊ တရားပြ၊ တရားထိုင်၊ တရားအလှူ ပေးလှူမည်ဖြစ်ပါသဖြင့် ဝမ္မမိတ်ဆွေအပေါင်းတို့အား အတူတကွ ကုသိုလ် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း ဖိတ်ကြားအပ်ပါသည်။

(လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် ကြိုတင်စာရင်းပေးကြပါရန် မန်ကြားအပ်ပါသည်။)

ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ –၀၉ ၇၃၇ ၆၂၁၁၂ ၊ ၀၉ ၈၆၂ ၁၁၃၀ ၊ ၀၉ ၄၅၀၀၄၈၅ ၂ ၂ ၀

ပြောက်ဥက္ကဋ္ဌတာ ကမ္ဘာ့ဆေးတက္ကသိုလ် PINNYA SIRI – KBZ Bank(Account No.0701210008223)အတွင်းစာရင်းသို့ နိုးဆော်ရာတွင်၎င်း ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

အာဂနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ဌေးဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ဗျာဝုံပေါ်ဆန်းရွှေ
(အဆောင်း)
ကုန်ကြမ်းများ
နဲ့နဲ့ကျန်သေးသည်။
တစ်ဘီတင်းဌ၀ဝ၀ကျပ်
:01512443, 0973017656, 0973076733

ဦးဇင်မင်းလတ်[B.E(Electronic), Project Engineer, Singapore]. ဒေါ်သက်သက်ခိုင် [D.H.E(UK), P.G.D.B.A(Singapore), P.G.D.G.E (Yangon University)B.Sc(Chem) တို့ ဦးစီးတည်ထောင်သော....

Future Bright Star
Education Centre
၉-၁၀ (တက္ကသိုလ်ဝင်တန်း)အဆင့်မြင့်သီးသန့်စာသင် / စာကျက်ခိုင်းများ

ပိန်းကလေး / ယောကျ်းလေးအဆင့်မြင့်သီးသန့်ထူးချွန်ဘော်ဒါ
၂၀၁၆ – ၂၀၁၇ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

(၁) ကျောင်းသား / သူတစ်ဦးချင်းစီ၏အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်မှန်သမျှကိုအသေးစိတ်စိစစ်ကာ ထူးချွန်ပြောင်းပြောက်သော အောင်မြင်မှုများကို ဂုဏ်သိက္ခာရှိသောတာဝန်ယူမှုအပြည့်ဖြင့် လေ့ကျင့်ပို့ချထောင်ပေးခြင်း။

(၂) စည်းကမ်း၊ စေတနာ၊ ပညာရည်ပြည့်ဝ၊ ပါရင်ဝ၊ သမ္ဘာရင့်၊ တာဝန်ယူမှုအပြည့်ရှိသောဆရာကောင်းတို့စုစည်းထားခြင်း။

(၃) ကျောင်းသား / သူ များမိမိကိုယ်ကို ယုံကြည်မှုခိုင်မာစေရန် (၃)နာရီမေးခွန်းများကို အနည်းဆုံး(၇)ကြိမ်စစ်ဆေးပေးခြင်း Chapter End Test များကိုလစဉ်စစ်ဆေးပေးခြင်း။

(၄) တစ်ဘာသာကို Guide တစ်ဦးချင်းစီဖြင့် လိုအပ်ချက်မှန်သမျှပြည့်စုံအောင် အကောင်းဆုံးဖြည့်ဆည်းပေးမှုတို့ဖြင့်အားလုံး၏ လိုအပ်ချက်များကို စည်းကမ်း၊ စနစ် တိကျသေသပ်သောလေ့ကျင့်ပို့ချထောင်ခြင်းတို့ဖြင့် . . . .

No. 204, 7A, နီလာ Condo, ဗိုလ်မြတ်ထွန်းလမ်း(အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ 09 51 12518,09 26 456 7498.

ထားဝယ်အသင်း

(၈၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

မေးခွန်းနံပါတ် **၁။(ဂ)**တွင် ဖော်ပြချက် (၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊(ခ)နှင့် (ဂ) အဖြေ (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊(ခ)နှင့် (ဂ) ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ်(၂) တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၃) ခုစီနှင့် အခန်း(၆) ခန်းအတွက် (၁၈)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)** တွင် စုစုပေါင်းမေးခွန်း (၄) ပုဒ် မေးထားပြီး ထို (၄)ပုဒ်ထဲမှ နှစ်သက်ရာ (၃) ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၄)ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅) တို့မှာ မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ (က)တွင် အမှတ်(၂၀)ပေးသည့် မေးခွန်းရှည် (၁) ပုဒ်ကို မေးထားပြီး (ခ)တွင် (၁၀) မှတ်ပေးသည့် မှတ်စုတို (၄)ပုဒ် ပေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ(ခ)ကိုရွေးချယ်ပါက ပေးထားသည့်မှတ်စုတို (၄)ပုဒ်အနက် နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ(က)နှင့် မေးခွန်းခွဲ(ခ) (၂)ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ(က)ကိုဖြေဆိုပါက မေးခွန်းခွဲ(ခ)ကို ဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ(ခ)ကို ဖြေဆိုပါက မေးခွန်းခွဲ(က)ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် (၆)မှာ တွက်ချက်မှုနှင့်ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ (က)၊(ခ)နှင့် (ဂ)မှ နှစ်သက်ရာ (၂) ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘာဂပေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း (၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်မေးခွန်းနှင့် (၅) တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ် (၁) နှင့် (၂) မဖြေမနေရဖြေဆိုရမည့်မေးခွန်း (၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာ မေးခွန်း (၃)ပုဒ်၊ စုစုပေါင်း မေးခွန်း(၅)ပုဒ်ကို ဖြေဆိုရမည် ဖြစ်သည်။

ဖြေဆိုပုံဖြေဆိုနည်း

မေးထားသော မေးခွန်း (၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသောဖော်ပြချက်က မှား(သို့) မှန် ဖြစ်သည်ကိုဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - **'အကြောင်း တစ်စုံတစ်ရာကြောင့် စျေးနှုန်းသည် အားမျှခြေအောက် ကျဆင်းသွားပါက ပိုလျှံဝယ်လိုအားကို ဖြစ်ပေါ်စေသည်။'**ဟူသောဖော်ပြချက်တွင် အဖြေမှန်က **'မှန်'** ဖြစ်သည့်အတွက် 'မှန်'ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား (သို့မဟုတ်) မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော မှား/မှန်မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သာသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၁၀)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ပေးထားသောစာကြောင်းတွင် ဖြေဆိုသူက လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- 'လူ့အဖွဲ့အစည်းအားလုံး၏အခြေခံအကျဆုံးစီးပွားရေးပြဿနာ ပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းမှာ ____ ဖြစ်သည်။'ဟူသော မေးခွန်းအတွက် အဖြေမှန်မှာ **'အင်အားစု ရှားပါးမှု'**ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မှားသောအားဖြင့် ဝေါဟာရများကို အဓိက မေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ စာကြောင်း (၁)ခုလျှင် (၁)မှတ်ဖြင့် (၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း (၁-ဂ) ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ - 'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ (က) ၄ ချက် (ခ) ၅ ချက် (ဂ) ၆ ချက် ရှိသည်။'ဟူသော မေးခွန်း၏အဖြေမှန်မှာ **(ဂ)** ဖြစ်သဖြင့် မေးခွန်း (၁-ဂ) မေးခွန်းနံပါတ်သေး (၁)(ဂ)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅) ခုအတွက် (၁)ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း(က) နံပါတ်(၁)မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂပေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန်လိုပါသည်။

ဥပမာ - **'အခင်္ဂေ'**၏အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို **'အချို့ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (သို့) အချို့လုပ်ငန်းများ ဆောင်ရွက်ခွင့်အတွက် အစိုးရသို့ပေးရသော ငွေကြေးကိုအခင်္ဂေဟု ခေါ်သည်။'**ဟု ဖြေဆိုရမည့်အစား **'နိုင်ငံတော်ပိုင် ပစ္စည်းများကို သုံးစွဲသည့်အတွက် ပေးရသောငွေကြေးကို အခင်္ဂေဟု ခေါ်သည်။'**ဟူ၍ဖြေဆိုခြင်းသည် မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ထို့ကြောင့် ယင်းဖြေဆိုမှုအတွက် အမှတ်လုံးဝမရရှိနိုင်ပါ။

ထို့အတူ **'ကုန်သွယ်မှုလိုင်ငွေ'** ၏အဓိပ္ပာယ်ဖွင့်ဆိုချက် မေးထားခြင်းကို **'ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် လျော့နည်းနေလျှင် ကုန်သွယ်မှုလိုင်ငွေ(သို့) လိုင်ငွေပြကုန်သွယ်မှု ရှင်းတမ်းဟုခေါ်သည်။'**ဟု ဖြေဆိုရမည့်အစား **'သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် လျော့နည်းနေလျှင် ကုန်သွယ်မှုလိုင်ငွေ (သို့) လိုင်ငွေပြကုန်သွယ်မှုရှင်းတမ်း ဟုခေါ်သည်။'**ဟုဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရရှိနိုင်ပါ။ သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင် ဖြေဆိုရန်လိုအပ်ပါသည်။

ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်(၁၈)ခုထဲမှ နှစ်သက်ရာ (၁၀)ခုကို ဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက (၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန် ဖြစ်ပါသည်။ တစ်ခုလျှင် (၂) မှတ်နှင့် (၁၀)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

အပိုင်း(က) တွင် မေးထားသော မေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀)မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ **အပိုင်း(ခ)**တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့ကို မေးခွန်းပုံစံ ဆင်တူစွာမေးထားပါသည်။ (က)တွင် အမှတ်(၂၀)မေးခွန်းရှည်ကို မေးထားပြီး (သို့မဟုတ်)ခံကာ (ခ)တွင် မှတ်စုတို(၄)ခု မေးထား၍ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့် စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင် ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

ဖြေဆိုရာတွင်လည်း မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုသည့်အခါ မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ ထုတ်လုပ်မှုအင်အားစု(သို့)ကုန်ထုတ်အင်အားစုများကိုမေးပါက ထုတ်လုပ်မှုအင်အားစု(သို့)ကုန်ထုတ်အင်အားစုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး (၃)မျိုးကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအမျိုးအစား (၁)ခုချင်းစီကိုရှင်းပြရပါမည်။

(၂၀)မှတ်တန် မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ စျေးကွက်ဝယ်လိုအားကို ပြဋ္ဌာန်းထားသော အချက်များကို မေးပါက ဝယ်လိုအား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၆)ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအချက် (၁)ချက်ချင်းစီကိုရှင်းပြရပါမည်။

မေးခွန်းနံပါတ်(၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရမည်ဖြစ်ပါသည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါကအမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါကလည်း အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁)မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့်ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့်ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့် ပြေပြစ်သော မျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းဖြေဆိုသင့်သည်။ ထို့အတူ'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေး၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကို ချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့်ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရရှိပါမည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းတို့ကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂)အားမျှခြေတွင်ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့်မေးခွန်းအပြင် စျေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့်ရောင်းလိုအား ပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိစျေးကွက် အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်စျေးကွက်အခြေအနေကို မည်သို့ အကျိုးသက်ရောက်စေသည်ကို ပုံနှင့်တကွ ဖြေဆိုရမှာဖြစ်သည်။

(၃)ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသောမေးခွန်းတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါသည်။ ဥပမာ - အလျော့အတင်းဆိုင်ရာမေးခွန်းဆိုပါစို့။ အလျော့အတင်းဆိုင်ရာတွက်ချက်မှုတွင် ဝယ်လိုအား၏ စျေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းဟူ၍ (၄)မျိုးမေးနိုင်ပါသည်။ ယင်းမေးခွန်းကို ဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေရပါမည်။ ထို့နောက်ပုံသေနည်းကိုဖြေပါမည်။ ထို့နောက်ပေးထားသော ကိန်းဂဏန်းကိုအစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင်ရရှိလာသော အဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0)ထွက်ရှိခြင်းများအတွက် သဘောတရားများကို အခြေခံ၍ သုံးသပ်သွားရန်ဖြစ်သည်။

စာမျက်နှာ ၂ သို့ »»

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)
၁၃၇၇ ခုနှစ်၊ ဗြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၅)၊ (၆)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ဤဥပဒေပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာ**ဥပဒေဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

အခန်း(၂)
ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

အခန်း(၃)
အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင်ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

အခန်း(၄)
သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

အခန်း(၅)
အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကိုကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်-

စဉ်	အထူးကုန်စည် အမျိုးအစား	ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့်	အခွန်နှုန်း
၁။	(က) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၃ ကျပ်
	(ခ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ၈ ကျပ်
	(ဂ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ၁၂ ကျပ်
	(ဃ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်နှင့် အထက် အဆင့် ဖြစ်လျှင်	တစ်လိပ်လျှင် ၁၅ ကျပ်
	(င) စီးကရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်)	ကုန်းပေါ်ရောက် တန်ဖိုး၏	၁၂၀ %
၂။	ဆေးရွက်ကြီး။		၆၀ %
၃။	ဗာဂျီနီးယား ပေါင်းတင်ပြီးဆေး။		၆၀ %
၄။	ဆေးပေါ့လိပ်။		၆၀ %
၅။	ဆေးပြင်းလိပ်။		၆၀ %
၆။	ဆေးတံသောက်ဆေးများ။		၆၀ %
၇။	ကွမ်းစားဆေးအမျိုးမျိုး။		၆၀ %

စာမျက်နှာ ၇ သို့

»» **စာမျက်နှာ ၁ မှ**

ဥပမာ- အလျှော့အတင်းပုဋ္ဌာ(၁)ခု ဆိုပါစို့။ ကားတစ်စီး၏ဈေးနှုန်းသည် တစ်စီးလျှင် ကျပ်သိန်းပေါင်း(၁၅၀)မှ ကျပ်သိန်းပေါင်း(၂၀၀)သို့ တိုးလာသောအခါ ကားဈေးကွက်တွင် တစ်လအတွင်း ရောင်းချသည့် ကားစီးရေမှာ (၇၅၀)စီးမှ (၁၁၁၀)စီးသို့ တိုးသွားပါက ကား၏ ရောင်းလိုအားအလျှော့အတင်းကို တွက်ချက်သုံးသပ်ပြပါဟူသော မေးခွန်းကို အောက်ပါအတိုင်းဖြေဆိုရန်ဖြစ်သည်။

- ရောင်းလိုအား၏ ဈေးနှုန်းအလျှော့အတင်းအဓိပ္ပာယ်ကို ဖြေဆိုရန်
- ရောင်းလိုအား၏ ဈေးနှုန်းအလျှော့အတင်းပုံသေနည်းကို ဖြေဆိုရန်
- တွက်ချက်ရန်(၂)မျိုး တွက်ချက်နိုင်သည်။ ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်းတွက်ချက်ခြင်းနှင့် (၂) အဆင့်လိုက်တွက်ချက်ခြင်း

(၁) ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်းတွက်ချက်ခြင်းအရတွက်ချက်ပါက

$$Es = \frac{\Delta Q}{\Delta P}\frac{P}{Q} = \frac{1110-750}{200-150} \times \frac{150}{750} = \frac{360}{50} \times \frac{150}{750} = 1.44$$

(၂)အဆင့်လိုက်တွက်ချက်ခြင်းအရ တွက်ချက်ပါက

$$\text{ဈေးနှုန်းပြောင်းလဲမှု } \% = \frac{\Delta P}{P} = \frac{200-150}{150} \times 100 = 33.33\%$$

$$\text{အရေအတွက်ပြောင်းလဲမှု } \% = \frac{\Delta Q}{Q} = \frac{1110-750}{750} \times 100 = 48\%$$

$$\therefore Es = \frac{\text{အရေအတွက်ပြောင်းလဲမှု } \%}{\text{ဈေးနှုန်းပြောင်းလဲမှု } \%} = \frac{48}{33.33} = 1.44$$

ယင်းအဖြေပေါ်မူတည်၍ သုံးသပ်ရာတွင် -

(က) ကားဈေးနှုန်း (၁)%တိုးလာပါက ကားရောင်းချသည့် အရေအတွက်(၁. ၄၄)%တိုးသွားသည်ကို ဖော်ပြသည်။

(ခ) အလျှော့အတင်းတန်ဖိုးသည် (၁)ထက်ကြီးသောကြောင့် ရောင်းလိုအား အလျှော့အတင်းများသည်။ ဟူ၍ ဖြေဆိုရန်ဖြစ်သည်။

အလျှော့အတင်းနှင့်ပတ်သက်၍မေးခွန်းမေးရာတွင် အထက်တွင်ဖော်ပြထားသည့်အတိုင်း စာကြောင်းဖြင့် မေးခွန်းမျိုးမေးနိုင်သလို မေးခွန်းပါအချက်အလက်များကို ဇယားပုံစံဖြင့်လည်း မေးနိုင်ပါသည်။ ၂၀၁၅ ခုနှစ် မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်များကို ဇယားဖြင့်ပေးထားသည်ကို တွေ့ရသည်။

(ဂ) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာ မေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုဋ္ဌာတွင်မေးထားသည့် တွက်ချက်နည်း (ကုန်ထွက်၊ ဝင်ငွေ၊ အသုံးစရိတ်) တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထည့်သွင်းဖြေဆိုရန်လိုပါသည်။ ထို့နောက် တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင်ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည် ဖြစ်သည်။ ထို့ပြင်တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အဆင့်လိုက်တွက်ချက်ပြရန်လိုပါသည်။ ၂၀၁၅ ခုနှစ် မေးခွန်းတွင် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို အဆင့်လိုက်တွက်ချက်ပေးရန်လိုပါသည်။

(၅) ငွေကြေးအရေအတွက်သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကို ရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက်သီအိုရီ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကို အခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့် ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကို တွက်ချက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန် ပေးဆောင်ရမည့်ပမာဏကို ဇယားတွင် ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး အိမ်ထောင်စု (၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့်အခြားနှစ်(၂)ခုတို့၏ ပို့ကုန်ဈေးဆန္ဒနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆန္ဒနှုန်းကိန်းတို့ကို ပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာ ကုန်ဖလှယ်မှုအချိုး၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃) နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁) နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ဖြစ်ပြီး ကျန် (၂)နှစ်တွင် ထွက်ရှိသောအဖြေသည် (၁၀၀) ထက်နည်းပါက အခွင့်မသာသော (သို့) ကျဆင်းသောကုန်ဖလှယ်မှုဟု သုံးသပ်ပြီး (၁၀၀) ထက်များပါက အခွင့်သာသော (သို့) တိုးတက်သော ကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂပေဒဘာသာရပ် မေးခွန်းလွှာကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင် မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာ ဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။

ဒေါ်ဖြူဖြူအိ
ပါမောက္ခ/ဌာနမှူး
အသုံးချဘောဂပေဒဌာနရန်ကုန်စီးပွားရေးတက္ကသိုလ်

စာမျက်နှာ ၂ မှ

စဉ်	အထူးကုန်စည် အမျိုးအစား	ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့်	အခွန်နှုန်း
၈။	(က) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၅၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ၅၆ ကျပ်
	(ခ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၆၉ ကျပ်
	(ဂ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၁၀၀၁ မှ ကျပ်၁၅၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၂၈၁ ကျပ်
	(ဃ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၅၀၁မှ ကျပ် ၂၀၀၀အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၃၉၄ ကျပ်
	(င) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၂၅၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၅၀၆ ကျပ်
	(စ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၂၅၀၁မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၆၁၉ ကျပ်
	(ဆ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၃၀၀၁ မှ ကျပ် ၃၅၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၇၃၁ ကျပ်
	(ဇ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၃၅၀၁မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၈၄၄ ကျပ်
	(စျ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၄၀၀၁မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁၀၁၃ ကျပ်
	(ည) အရက်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၀၀၁ကျပ်မှ ကျပ်၆၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၁၂၃၈ ကျပ်
	(ဋ) အရက်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၀၀၁ကျပ်မှကျပ်၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၁၄၆၃ ကျပ်
	(ဌ)အရက်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၇၀၀၁ကျပ်မှကျပ်၈၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၁၆၈၈ ကျပ်
	(ဍ) အရက်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ၁၈၄ ကျပ်
	(ဎ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၉၀၁ မှ ကျပ် ၁၀၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ၂၅ ကျပ်
	(ဏ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၁၀၀၁ မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၁ ကျပ်
	(တ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုး ကျပ် ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ၂ ကျပ်
	(ထ) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း ဖြစ်လျှင်)	ကုန်းပေါ်ရောက် တန်ဖိုး၏	၆၀ %
၉။	ဘီယာအမျိုးမျိုး။		၆၀ %
၁၀။	(က) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ကျပ် ၅၀
	(ခ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၅၀
	(ဃ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၃၅၀
	(င) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၀၀၁ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၄၅၀
	(စ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၅၀၁ကျပ်မှကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၅၅၀
	(ဆ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၀၀၁ကျပ်မှကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၆၅၀
	(ဇ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၅၀၁ကျပ်မှကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၇၅၀
	(စျ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၄၀၀၁ကျပ်မှကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၉၀၀
	(ည) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၀၀၁ကျပ်မှကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၁၀၀
	(ဋ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၀၀၁ကျပ်မှကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၃၀၀
	(ဌ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၇၀၀၁ကျပ်မှကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၅၀၀
	(ဍ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၈၀၀၁ကျပ်မှကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၇၀၀
	(ဎ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၉၀၀၁ကျပ်မှကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၉၀၀
	(ဏ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၀၀၀ကျပ်မှကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၀၀၀
	(တ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၁၀၀ကျပ်မှကျပ် ၁၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၁၀၀
	(ထ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၂၀၀ကျပ်မှကျပ် ၁၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၂၀၀
	(ဒ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၄၀၀ကျပ်မှကျပ် ၁၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၄၀၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၆၀၀ကျပ်မှကျပ် ၁၈၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၆၀၀
	(နဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၈၀၀ကျပ်မှကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၂၈၀၀
	(အဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၀၀၀ကျပ်မှကျပ် ၂၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၃၀၀၀
	(အတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၂၀၀ကျပ်မှကျပ် ၂၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၃၂၀၀
	(အဒု) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၄၀၀ကျပ်မှကျပ် ၂၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၃၅၀၀
	(အတဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၆၀၀ကျပ်မှကျပ် ၂၈၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၃၈၀၀
	(အတတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၈၀၀ကျပ်မှကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၄၂၀၀
	(အတဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၀၀၀ကျပ်မှကျပ် ၃၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၄၅၀၀
	(အနဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၂၀၀ကျပ်မှကျပ် ၃၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၄၈၀၀
	(အနတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၄၀၀ကျပ်မှကျပ် ၃၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၅၁၀၀
	(အနဒု) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၆၀၀ကျပ်မှကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၅၄၀၀
	(အနတဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၄၀၀၀ကျပ်မှကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၅၈၀၀
	(အနတတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၄၅၀၀ကျပ်မှကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၆၂၀၀
	(အနဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၀၀၀ကျပ်မှကျပ် ၅၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၆၆၀၀
	(အပဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၅၀၀ကျပ်မှကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၇၁၀၀
	(အပတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၀၀၀ကျပ်မှကျပ် ၆၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၇၈၀၀
	(အပဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၅၀၀ကျပ်မှကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၈၄၀၀
	(အဝဝ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၇၀၀၀ကျပ်မှကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၉၆၀၀
	(အဝတ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၈၀၀၀ကျပ်မှကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၀၈၀၀
	(အဝဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၉၀၀၀ကျပ်မှကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁၂၀၀
	(အဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၀၀၀ကျပ်မှကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၁၀၀ကျပ်မှကျပ် ၁၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၂၀၀ကျပ်မှကျပ် ၁၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၄၀၀ကျပ်မှကျပ် ၁၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၆၀၀ကျပ်မှကျပ် ၁၈၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၁၈၀၀ကျပ်မှကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၀၀၀ကျပ်မှကျပ် ၂၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၂၀၀ကျပ်မှကျပ် ၂၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၄၀၀ကျပ်မှကျပ် ၂၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၂၆၀၀ကျပ်မှကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၀၀၀ကျပ်မှကျပ် ၃၂၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၂၀၀ကျပ်မှကျပ် ၃၄၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၄၀၀ကျပ်မှကျပ် ၃၆၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၃၆၀၀ကျပ်မှကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၄၀၀၀ကျပ်မှကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၄၅၀၀ကျပ်မှကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၀၀၀ကျပ်မှကျပ် ၅၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၅၅၀၀ကျပ်မှကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၀၀၀ကျပ်မှကျပ် ၆၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၆၅၀၀ကျပ်မှကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၇၀၀၀ကျပ်မှကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၈၀၀၀ကျပ်မှကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(ဓ) ဝိုင်အမျိုးမျိုး	တစ်လီတာတန်ဖိုး ၉၀၀၀ကျပ်မှကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ် ၁ဝ၀
	(

စာမျက်နှာ ၇ မှ

စဉ်	ကုန်စည်အမျိုးအမည်
၅၁	ထင်းအစားထိုး လောင်စာတောင့်။
၅၂	အုန်းဆီ(စားအုန်းဆီမဟုတ်)။
၅၃	ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။
၅၄	ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။
၅၅	ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်းစသည်တို့)။
၅၆	ရေနံချေး။
၅၇	ဆားအမျိုးမျိုး။
၅၈	ကြက်ပေါင်စေး။
၅၉	ကွမ်းသီး။
၆၀	ဓာတ်မြေသြဇာ။
၆၁	ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။
၆၂	လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။
၆၃	တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။
၆၄	တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။
၆၅	မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။
၆၆	ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။
၆၇	ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ(ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့်ပစ္စည်းများအတွက်သာ)။
၆၈	ဆေးဂွမ်း၊ ဆေးပတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ(ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင် တင်သွင်းသည့် ပစ္စည်းများအတွက်သာ)။
၆၉	အိမ်သုံးဆေးဝါးနှင့် အခြားလူသုံး ဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် ကန့်သတ်ထားသော ဆေးဝါးများမှ အပ)။
၇၀	ဆေးဝါးကုန်ကြမ်းများ။
၇၁	ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗဟုသုတစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။
၇၂	ခဲတံလုပ်ရန်ခဲဆံ။
၇၃	ကွန်ဒုံး(Condom)။
၇၄	နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများ သုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။
၇၅	နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။
၇၆	သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။
၇၇	မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။
၇၈	ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။
၇၉	နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျိုးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များ။
၈၀	ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။
၈၁	လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။
၈၂	စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။
၈၃	ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လျှုဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။
၈၄	ပြည်ပသို့ပျံ့သန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။
၈၅	လေယာဉ် သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။
၈၆	နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွှတ်ခွင့်ပြုသည့် ကုန်စည်များ။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်း ဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(၇) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များ အပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

စဉ်	ဝန်ဆောင်မှုအမျိုးအစားများ
၁	စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှု လုပ်ငန်းမှအပ ဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၂	ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။
၃	အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။
၄	အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၅	ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၆	ပညာရေးဝန်ဆောင်မှုလုပ်ငန်း။
၇	ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း)။
၈	အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။
၉	အရင်းအနှီးစျေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၀	ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၁	အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၂	ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။
၁၃	ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၁၄	နာရေးဝန်ဆောင်မှု လုပ်ငန်းများ။
၁၅	ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။
၁၆	မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။
၁၇	နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၈	လမ်းအသုံးပြုခကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်း။
၁၉	တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၂၀	အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။
၂၁	ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၂၂	ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။
၂၃	အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။
၂၄	နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။
၂၅	ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။
၂၆	နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျိုးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
၂၇	ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လျှုဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
၂၈	နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွှတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၂၉	နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့်အဖွဲ့အစည်း အချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။

(င) ပုဒ်မခွဲ(ဃ)ပါဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) ပြည်တွင်းလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများ အားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေ ရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခွန်မဲနိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

အခန်း (၇)
ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ်၄၈ သိန်း အထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

အမှတ်စဉ်	ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
(၁)	၁	၂၀၀၀၀၀၀	၀ ရာခိုင်နှုန်း
(၂)	၂၀၀၀၀၀၁	၅၀၀၀၀၀၀	၅ ရာခိုင်နှုန်း
(၃)	၅၀၀၀၀၀၁	၁၀၀၀၀၀၀၀	၁၀ ရာခိုင်နှုန်း
(၄)	၁၀၀၀၀၀၀၁	၂၀၀၀၀၀၀၀	၁၅ ရာခိုင်နှုန်း
(၅)	၂၀၀၀၀၀၀၁	၃၀၀၀၀၀၀၀	၂၀ ရာခိုင်နှုန်း
(၆)	၃၀၀၀၀၀၀၁ နှင့်အထက်		၂၅ ရာခိုင်နှုန်း

ဆက်လက်ဖော်ပြပါမည်။